
ကိုဗို့ရှ·ဝါ်ရါ်ဘ·တုံ့မကျာ

# ပိသော့ပျော

ရှောက်သိုးကျွယ်


# မခေါင်းဖြတ်တောင်ဆိုး



တတိယအကြိမ်

mgyoe.com

အမှန်က ချန်းတို့လူစု သစ္စာဖောက်လို့
တောင်ကြီးရဲ့ ကျိန်စာအတိုင်း အရှင်လတ်လတ်
အသေဆိုးနဲ့ သေကုန်တာပဲ ဖေအောင်။
ငါ့အနေနဲ့ ဒီအတိုင်း ယုံကြည်တယ်။



ISBN9789997116031
BTY8
9 789997 116031
2,500.00KS

mgyoe.com

ခေါင်းဖြတ်တောင်ခရီး ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)
မျက်နှာဖုံးပန်းချီ - စိုးဝင်းငြိမ်း
စာမျက်နှာ ၁၆၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်ညီး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၈ Future Time Idea Group ၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# ခေါင်းဖြတ်တောင်ခရီး ဗိုလ်တာရာ

(ရဲဘော်သုံးကျိပ်)

တတိယအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အပြန်လမ်းဝယ် အလုပ်က အသင့်ကြိုနေခြင်း

ကားသည် တစ်နာရီသုံးဆယ်နှုန်းဖြင့် ပျဉ်းမနား–တောင်ညို ကတ္တရာစေး လမ်းပေါ်ဝယ် ပြေးနေတော့သည်။

ကျွန်တော်၏ အတွေးအာရုံများက မြို့သို့ အင်မတန် စိတ်စောနေမိသည်။ စိတ်စောစေရန် အကြောင်းတွေကလည်း ရှိခဲ့ပေသည်။ ပျဉ်းမနားမြို့သို့ပြန်ရောက်ရန် ရက်ပိုင်းထက် နှစ်ရက်ပိုလွန်ခဲ့သောကြောင့် ကျွန်တော်၏ ဇနီး သက်လယ်ဇကေရီနှင့် သမီးငယ်နှစ်ဦးတို့က စိုးရိမ်ကြီးစွာဖြင့် မျှော်နေကြမည့်အရေးကလည်း တစ်ကြောင်းပါခဲ့သည်။ စာပေရေးရာဆိုင်ရာအလုပ်တွေကလည်း တထွေးကြီးတသီကြီး စောင့်ကြိုနေကြပေလိမ့်မည်။ ထို့ပြင် ပျဉ်းမနားမြို့ဒေသတစ်ဝိုက်၌ ကျွန်တော်၏ တော်လှန်ရေးနှစ်ကြိမ်တိုင် ဦးဆောင်ခဲ့ခြင်းကိုအကြောင်းပြု၍ ကျွန်တော့်အား ယုံကြည်လေးစားနေကြသည့် တောသူတောင်သားလယ်သမားကြီးတွေ သခင်ဟောင်းကြီးတွေကလည်း သူတို့၏ပြဿနာများကို တင်ပြဆွေးနွေး အကူအညီဦးဆောင်မှုတောင်းရန်အတွက် ကျွန်တော်၏နေအိမ်မှ အဆင်သင့် စောင့်ကြိုနေကြပေလိမ့်မည်။

ကျွန်တော့်အဖို့ အလုပ်သမား၊ လယ်သမားပြဿနာများကို ခါတိုင်းအချိန်အခါနှင့် အစိုးရခေတ်ကလို ပူပန်စရာ အပိုဒုက္ခရောက်စရာ အချိန်ကုန်စရာမလိုတော့ပြီ။ အလုပ်သမား၊ လယ်သမားများ၏ ပြဿနာအရပ်ရပ်ကို ထိပ်ဆုံးတန်းတင်ကာ ကိုယ်ဖိရင်ဖိ ဦးဆောင်ပေးနေသည့် မြို့နယ်ပါတီရုံးသည်လည်းကောင်း၊ မြို့နယ်လအကသည်လည်းကောင်း၊ နောင်တိုင်တန်း

mgyoe.com

mgyoe.com


ပေးဖို့ ကားလမ်းပွင့်နေတော့၏။ လယ်သမား၊ ယာသမား၊ အလုပ်သမားတွေ ပြဿနာကား စဉ်းစားရင်း ကျွန်တော်၏ဦးနှောက်ထဲမှ အခန်းတစ်ခန်း ရှင်းလင်းပေါ့ပါးသွားပြန်တော့သည်။

ဦးဘိုးဟန်ကြီးသည်လည်းကောင်း၊ သစ်တောရုံးစာရေး ဦးထွန်းဝင်းခေါ် ဦးအောင်သည်လည်းကောင်း၊ သေနတ်တစ်လက်စီ ပခုံးတွင်ထောင်ရင်း ဆေးပေါ့လိပ်ကြီးများ တထောင်းထောင်းဖွာလျက် ပစ်ခတ်ခဲ့ရသည့် အရေးအခင်းတို့ကို ပြန်လှန်၍ စားမြုံ့ပြန်နေကြသလို ရဲဘော်သန်းညွှန့်၊ ကံလှတို့နှစ်ယောက်ကလည်း ကားလမ်းဘေးတစ်လျှောက် လယ်ကွင်းများ၌ထွက်၍ စားသောက်သည့် တောကြက်အုပ်ကို အိမ်အပြန်တွင် ဟင်းစားရရန် ပစ်ခတ်ရေးအတွက် ကျီးကန်းမျက်စိတွေလို လမ်းဟိုဘက်ဒီဘက် မျက်လုံးကစား အလုပ်များနေခိုက်ပင် ...။

"ဗိုလ်မှူးရဲ့ အိမ်အပြန်တော့လှပါတယ်ဗျ၊ ဝက်ကနှစ်ကောင်၊ ဆတ်ကတစ်ကောင်ဆိုတော့ အသားခြောက်ရိက္ခာ တစ်လတင်းတင်း ဖူလုံနေပြီပေါ့"

ဦးအောင်သည် ဦးဘိုးဟန်နှင့် စကားပြောရင်း ကျွန်တော့်ဆီသို့ စကားလှမ်း၍ ပြောလိုက်သည်တွင် ...။

"ကျုပ်ပစ်ချင်တဲ့အကောင်တွေ မပစ်ခဲ့ရတာ၊ မတွေ့ရတာ သိပ်နာတယ်ဗျာ၊ ခါတိုင်း ဒီတောဒီတောင်တွေမှာ တွေ့နေကျမို့"

ကျွန်တော်က ပြောကြားလိုက်ရာ ဦးဘိုးဟန်ကြီးသည် ပါးစပ်မှ ဆေးပေါ့လိပ်ကို ချွတ်လိုက်ရင်း ...။

"တောကောင်နဲ့ ဝက်တွေက အနေအထိုင် သိပ်ကျစ်လျစ်တယ်ဗျာ၊ ဒီတောတွေမှာ တောကောင်ကြီးတွေခြေရာ တွေ့ရမယ်လို့ထင်တာ၊ တကယ်ရှာတဲ့အခါမှာ ထွက်လာဖို့ သိပ်ကောင်းတာပဲဗျာ"

ဦးဘိုးဟန်သည် မကျေမနပ်အသံဖြင့် ပြောလိုက်ပါသည်။

ကားသည် ဘူးကွဲရွာကိုဖြတ်ကျော်ကာ လွင်သာသို့ ကြက်ပြေးတစ်လျှောက်သို့ဆင်းလာခဲ့ပေပြီ။ ကျယ်ပြန့်သောလယ်ကွင်းများမှ လေအေးသည် တရှဲရှဲကားဆီသို့ တိုက်ခတ်စပြုလာပါပြီ။ အိမ်သို့ရောက်ရန် မိနစ်ပိုင်းမျှသာ လိုတော့သည့်အတွက် သန်းညွှန့်နှင့် ကံလှတို့သည် ပိုမို၍ စကားကျယ်လောင်စွာ ပြောဆိုနေကြပါသည်။

mgyoe.com

mgyee.com


ကျွန်တော်သည် ပင်ပင်ပန်းပန်းနှင့် တောလည်ကအပြန်တွင် ညောင်းနေအောင်ထိုင်၍ နောက်လအတွက် ဝတ္ထုတစ်ပုဒ်နှင့် မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ စုံထောက်စသည့် မဂ္ဂဇင်းများသို့ ဝတ္ထုတိုများ ရေးရပေဦးမည်ကို ထင်မြင်လာပြန်တော့သည်။

မကြာမီ ကားသည် ပြန်ကပြေးနှင့် တောင်ညိုလမ်းဆုံသို့ ပြေးဝင်ခဲ့သည်။ မြို့သို့ လှမ်း၍ မျှော်နိုင်ပေပြီတကား။

"ဒီတစ်ခါတော့ သန်းညွှန့်မိန်းမအိမ်လာပြီး သန်းညွှန့် ဘယ်သွားသတုံးလို့ မေးများနေဦးမှာလား"

ကျွန်တော်က သတိရကာ သန်းညွှန့်ဆီသို့လှည့်၍ မေးလိုက်ရာ ကျွန်တော်တို့ မုဆိုးအဖွဲ့ဝင်များသည် ဝါးခနဲပွဲကျကာ ရယ်မောသွားတော့၏။

ကျွန်တော်၏သူငယ်ချင်း သန်းညွှန့်သည် အင်မတန် အမဲလိုက်ဝါသနာကြီးသူဖြစ်၍ အမဲပစ်လိုက်ရန်ခွင့်ကြုံလျှင် အလုပ်လုပ်ရာ ပန်းထိမ်ဆိုင်ကဖြစ်ဖြစ် အိမ်သို့ တစ်စုံတစ်ရာ အကြောင်းမကြားတမ်း ထ၍လိုက်တတ်သူဖြစ်သည်။ တစ်ည၊ နှစ်ည အိမ်ပြန်မလာလျှင် သူ၏ဇနီးက အင်မတန်ရင်းနှီးသော ကျွန်တော့်နေအိမ်သို့တန်းလာပြီး လင်ပျောက်ရှာလေ့ရှိတတ်၏။ သန်းညွှန့်ကား အင်မတန် တောလိုက်ဝါသနာကြီးသလို သားကောင်အဖျက်တွင် အရေခွာရာ၌ အင်မတန် ကျွမ်းဝင်သလောက် ချက်ရေးပြုတ်ရေးတွင် စိတ်ရှည်သူဖြစ်ပေသည်။ အအိပ်ပျက်ခံရမည့်လုပ်ငန်းတွင် သူသည် ရှေ့ဆုံးမှထွက်ကာ လမ်းစီးခြင်း၊ ကျားချောင်းခြင်းလုပ်ငန်းတွင် စိတ်ချရသောမုဆိုး၏ 'အတွဲ' လူလည်း ဖြစ်ပေ၏။

"မင်းကတော့ နောက်စရာ ရွှတ်စရာမရှိရင် ကြံဖန်ပြီး နောက်တော့မယ်။ ငါပြောထားခဲ့ပါပြီကွ သူငယ်ချင်းရ ...၊ ဒီတစ်ခါ ငါ့မိန်းမ ငါ့ကို လိုက်မရှာတော့ပါဘူး။ ဇလောင်းဘက်သွားပြီး အမဲပစ်မယ်လို့ ငါသေသေချာချာ ပြောထားခဲ့ပါပြီ ..."

သွားများကျိုးပြီဖြစ်သော်လည်း အမဲပစ်ဝါသနာကြီးလှသည့် သူငယ်ချင်းသန်းညွှန့်က ကျွန်တော်၏ပြက်လုံးကို ဖြေရှင်းလိုက်ရှာပါသည်။

အမှန်မှာ ဇလောင်း မင်းကန် ပေါင်းလောင်းဘက်သို့ အမဲပစ်ထွက်ခဲ့

mgyee.com

တိုင်း ကျွန်တော်တို့လူစုသည် မြိုင်ဆိုင်လှပေသည်။ ဇလောင်းနယ်က အလွန်တောခေါင် သစ်ပင်မျိုးစုံပေါက်ရောက်ရုံမျှမက သစ်ကြီးဝါးကြီး များစွာပေါက်ရောက်နေသည့် တောစို့၊ တောခေါ်မြိုင်ဆိုင်လှသော တောမျိုးဖြစ်၍ ယနေ့တိုင်အောင် ဆတ်၊ တောဝက်များနှင့် တစ်ခါတစ်ရံ နယ်လှည့်ဆင်းလာသည့် စိုင်ထီးခေါင်ကြီးများပင် ပစ်ခတ်နိုင်သည်။ အခြေခံကောင်းသော တောတစ်တောသာဖြစ်ပေသည်။ ဂျပန်ခေတ်အခါကဆိုလျှင် ဇလောင်းနှင့် ပေါင်းလောင်းတစ်ကြောဝယ် တောဆင်များကိုပင် တွေ့ရှိနိုင်အောင် တောကောင်းသော ဖောင်းတော၊ ကိုင်းတော ထူထပ်သောဒေသပင် ဖြစ်ပါသည်။

ကားသည် ပျဉ်းမနားမြို့ ရှမ်းကန်အနောက်ဘက်မှလှည့်ကာ မကြီးတောဘက်သို့ ဖြတ်ဝင်ခဲ့သည်။ ကျွန်တော်၏အိမ်ရှေ့သို့ ကားထိုးရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ချစ်သမီးနှစ်ဦး၊ နီနီဦး၊ နိုင်နိုင်ဦးတို့သည် ခုန်ပေါက်ကာ ...

"ဖေဖေပြန်လာပြီ ...၊ ဖေဖေပြန်လာပြီ ..."

မပီကလာ ... ပီကလာအသံများဖြင့် အော်ဟစ်ကာ နှုတ်ဆက်လိုက်တော့သည်။

ကျွန်တော်၏သက်ထားစောဇေရီကလည်း ကျွန်တော့်အတွက် အမောပြေဆေးတစ်ခွက်ပမာ အပြုံးစွက်ကာ ကားပေါ်မှပစ္စည်းများ သေနတ်များကို ယူငင်ကူညီလိုက်ရှာပါသည်။ ကျွန်တော်၏အိမ်မှာ အိမ်စောင့်ထားခဲ့သည့် တပည့်ကျော်ဦးစိုးရင်နှင့် ကျွန်တော့်နှမနှစ်ဦးတို့ကလည်း ရဲဘော်ကံလှတို့နှင့်အတူ ကားပေါ်မှပစ္စည်းများ၊ အိပ်ရာလိပ်များ၊ အသားခြောက်၊ အသားစို ထည့်လာကြသည့်ခြင်းများကို သယ်ယူလိုက်ပါသည်။

"စိတ်ကြိုက်မပစ်ရလို့ မောင်နှစ်ရက်တိတိတောင်ကြာအောင် ဖိလိုက်နေတယ်ထင်တယ်။ မောင့်သမီးနှစ်ယောက်ကတော့ လည်ပင်းတရှည်ရှည်နဲ့၊ ဖေဖေပြန်မလာသေးဘူးလားလို့ တမေးတည်းမေး၊ ကားသံကြား အိမ်ရှေ့ကထွက်မျှော်နေကြရှာတယ် ..."

စောဇေရီသည် ကျွန်တော့်၏ရင်ခွင်မှ ပိုက်ထွေးထားသည့် အသက်လေးနှစ်နှင့် နှစ်နှစ်သမီးငယ်နှစ်ဦးကိုကြည့်ကာ သမီးများ သူတို့၏ဖေဖေကို လွမ်းတနေပုံများကို ပြောပြရှာပါသည်။

mgyoe.com

ကျွန်တော်လည်း ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်လား ...၊ ဖေဖေ့သမီးတွေ ဖေဖေ့ကို သိပ်လွမ်းနေသလား ကွယ် ..."

ချော့မြှူကာမေးလိုက်ရာ သမီးနှစ်ယောက်ကလည်း ပြုံးရယ်ကာ ကျွန်တော်၏ရင်ဘတ်ကိုမှီလျက် ခေါင်းညိတ်လိုက်ကြပါသည်။

"ဘယ်သူတွေလာကြသေးသလဲ၊ ဘယ်ကစာတွေ ရောက်သေးသလဲ" စသည်ဖြင့် ကျွန်တော်သည် ကျွန်တော် အမဲပစ်ထွက်ခိုက်တွင် အိမ်သို့ ရောက်ရှိတတ်သည့် မိတ်ဆွေများအကြောင်းကို မေးလိုက်မိသည်။

"စုံလို့ပဲ မောင်ရေ ...၊ ဧည့်သည်တွေထွက်ပြီး ဧည့်ခံနေရတာထက် စောဖြင့် ထမင်းစားဖို့အချိန်တောင် မနည်းလုစားရတယ်။ စာတွေလည်း တစ်ထပ်ကြီးပါပဲ။ မောင့်စာရေးစားပွဲပေါ် အဆင်သင့်တင်ထားပါတယ်"

စောဇေရီသည် ကျွန်တော့်အတွက် ကော်ဖီပူပူတစ်ပန်းကန် တရို တသေပေးရင်း စဉ်းစားနေရာမှ ရုတ်တရက် မျက်ခုံးတစ်ဖက်ကိုပင့်ကာ...

"သြော် ... ဒါထက်၊ မောင့်မိတ်ဆွေသူငယ်ချင်းဖြစ်တဲ့ ဗိုလ်ဖေအောင် ဆိုတာ ကားနဲ့ မနေ့က ဝေလီဝေလင်းရောက်လာပြီး မောင့်ကို အရေးတကြီး တွေ့ချင်လို့ မေးရှာပါတယ်။ မောင့်ကို မတွေ့ရလို့ တဖျစ်တောက်တောက် ဖြစ်ပြီး သူ့သားရေအိတ်ကြီးထဲက စာအိတ်တစ်အိတ်နဲ့ စာတစ်စောင်ရယ်၊ ပြီးတော့ သမီးနှစ်ယောက်အတွက် အမှတ်တရလက်ဆောင်ဆိုပြီး စက္ကူနဲ့ထုပ် ထားတဲ့ အထုပ်သေးသေးတစ်ထုပ်ပေးသွားတယ်။ မောင် မနက်ဖြန် သန် ဘက်ခါဆို ပြန်လာပါလိမ့်မယ်၊ ခဏစောင့်နေပါဆိုပြီး တားတာတောင် မရဘူး။ မန္တလေးမှာ သူ့ကို တမင်သက်သက်စောင့်နေတဲ့ မိတ်ဆွေတွေရှိနေ တယ်လို့ဆိုပြီး တောင်းပန်ပြီး ထွက်သွားတာပဲ။ သူ့ကားပေါ်မှာ မောင့်လိုပဲ အမဲပစ်သေနတ်သုံးလေးလက်နဲ့ လူနှစ်ယောက်လည်း တွေ့လိုက်မိတယ်..."

"ဟုတ်လား ... ဗိုလ်ဖေအောင် ..." ဟူ၍ ကျွန်တော် ဝမ်းသာစွာဖြင့် ကျွန်တော်၏ဇနီးကို ပြန်၍မေးလိုက်မိပါသည်။ ကျွန်တော့်အနေနှင့် သူငယ် ချင်း ရဲဘော်ဗိုလ်ဖေအောင်အကြောင်းကို ကြားလိုက်ရသဖြင့် ထိတ်ခနဲ ဝမ်းသာသွားမိကာ ဤကဲ့သို့ အရေးတကြီး အလောတကြီးမေး လိုက်မိ ခြင်းသာဖြစ်ပေ၏။

mgyoe.com

mgyoe.com


ဗိုလ်ကြီးဖေအောင် သို့မဟုတ် ကိုဖေအောင် ဘီအက်စ်(ဘူမိဗေဒ) သို့မဟုတ် လေလွင့်ချင်ရာလေလွင့်ပြီး ကျွန်တော်ကဲ့သို့ပင် တောကောင်းကောင်း တောင်ထူရာဒေသတို့တွင် သတ္တုရှာရင်း၊ အမဲပစ်ရင်း သူ့ဘာသာလောကနိဗ္ဗာန်ထူထောင်နေသည့် လူလွတ်ဘဝလွတ်နေခဲ့သော လူပျိုကြီး ဖေအောင်၏သတင်းကို ကြားလိုက်ရသည့်အတွက် အင်မတန်သိချင် ကြားချင်သည့်ဆန္ဒများအလျှဉ်ဖြင့် သမီးနှစ်ယောက်ကို ပွေ့ချီထားရင်း ချစ်သက်လယ်စောသို့ ပြန်လည်မေးခွန်းထုတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

"ဟုတ်တယ်မောင်၊ ရုတ်တရက် သူ့ကိုတွေ့လိုက်ရတော့ ရှမ်းလိုလို၊ ကချင်လိုလို၊ ဖြူဖြူခန့်ခန့်၊ ဗလကောင်းကောင်းနဲ့မို့ ဗမာတစ်ယောက်တောင် စောမထင်မိခဲ့ဘူး။ ပြီးမှ ဗိုလ်ဖေအောင်က သူ ဗမာစစ်စစ်တစ်ယောက်ဖြစ်ပြီး ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တစ်လျှောက်မှာ အနေအထိုင်များခဲ့ကြောင်း ပြောမှ စော သူ့အခြေအနေမှန်ကို သိရတယ်။ ကချင်စကား၊ ရှမ်းစကား၊ တရုတ်စကားတွေလည်း မွှတ်နေအောင်ပြောတတ်တယ် မောင်။ လေယူလေသိမ်းကစပြီး တောင်ပေါ်သားတွေ အသံအတိုင်းပဲ။ သူလေ မောင့်ကို သိပ်တွေ့ချင်ပုံပဲ။ မတွေ့တာတောင်ကြာပြီ၊ တွေ့လိုက်ရရင် အင်မတန်ချစ်ကြတဲ့ တော်လှန်ရေးရဲဘော်သူငယ်ချင်းတွေပီပီ အားရပါးရပွေ့ဖက်ပြီး နှုတ်ဆက်လိုက်ချင်တယ်ဗျာလို့တောင် ပြောသွားရှာတယ် ..."

သူမ သိရှိသရွေ့ကို ပြန်လည်၍ ကျွန်တော့်ဇနီးက ပြောပြရှာပါသည်။

ဗိုလ်ဖေအောင်သည် သစ်တောဝန်ထောက်တစ်ဦး၏သားအကြီးဆုံး ဖြစ်ခဲ့ပြီး အင်္ဂလိပ်ခေတ်တစ်ချိန်က ပျဉ်းမနားနယ်သို့ ရွှေ့ပြောင်းလာပြီး ပျဉ်းမနားမြို့၏ကျက်သရေဆောင် ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် ကျွန်တော်နှင့် ၇ တန်းမှ ၉ တန်းအထိ ပညာသင်ကြားခဲ့ရင်း ချစ်ကျွမ်းတဝင်ဖြစ်ရုံမကဘဲ ကျွန်တော်တို့ယုံကြည်ခဲ့သည့် ဗြိတိသျှလက်အောက်မှ မြန်မာပြည်လွတ်မြောက်ရေးလမ်းစဉ်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆန္ဒပြင်းပြခဲ့သူ ဖြစ်သည်။

သူ ၉ တန်းအောင်သောနှစ်ဝယ် သူ၏ဖခင်မှာ မြစ်ကြီးနားသို့ ရာထူးတိုးကာ ပြောင်းရွှေ့ခဲ့ရပြီး လူချင်းကွဲခဲ့ကြသည်။ သို့ရာတွင် မကြာမီ သူ့ဆီမှ ကျွန်တော်တို့ လွတ်လပ်ရေးလုပ်ငန်းစဉ်ကို ဆက်လုပ်နေကြောင်း အကြောင်း

mgyoe.com

mgyee.com


ကြားစာရရှိပြီး သူနှင့်ကျွန်တော် ဆယ်တန်းစာမေးပွဲကို ဖြေဆိုခဲ့ကြပြီး ကျွန်တော်က ပညာပိုင်းကိုကျောပေးကာ နိုင်ငံရေးနယ်ပယ်ထဲသို့ ခြေစုံပစ်ဝင်ခဲ့သည်။ ဖေအောင့်အနေနှင့် တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ကြားခဲ့ရင်း နောက် ၃ နှစ်ခန့်အကြာတွင် ဒုတိယကမ္ဘာစစ်ကြီး အကြောင်းပြု၍ ခေတ်ပျက်ကာ ကျွန်တော်လည်း ဗမာ့လွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဦးဆောင်တိုက်ခိုက်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်တစ်ဦးအဖြစ်တာဝန်ယူ၍ ဗမာပြည်အလယ်ပိုင်းတွင် တာဝန်ကျေပွန်စွာဖြင့် ဆောင်ရွက်ခဲ့သလို ဖေအောင်တစ်ယောက်လည်း မန္တလေးတိုင်းတွင် ဗိုလ်ကြီးအဆင့်အတန်းဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ပါဝင်အမှုထမ်းခဲ့ကြောင်း တွေ့ရှိရသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော်ခေတ်တွင် ဖေအောင်သည် ပျဉ်းမနားတွင် ဖွင့်လှစ်ခဲ့သည့် စစ်ဌာနချုပ်တွင် ဒုဗိုလ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သောကြောင့် သူနှင့်ကျွန်တော် ကျောင်းနေစဉ်ကဲ့သို့ ခင်မင်ရင်းနှီးမှုရှိခဲ့ကြသည်။ တနင်္ဂနွေတိုင်း၊ အားလပ်ခွင့်ရတိုင်း ပျဉ်းမနား အနောက်နယ်တစ်ကြော အိုင်ကျယ်မုံနှင့် ဘိုးစောင့်တောင်စသည့် အမဲကြီးပေါ်ရာဒေသတို့တွင် အမဲပစ်ထွက်လေ့ရှိကြသည်။

အင်္ဂလိပ်အစိုးရ ပြန်လည်ရောက်ရှိသည့်အခါတွင်မူ သူသည် အသစ်ပြန်လည်ဖွဲ့စည်းသည့် ဘားမားရိုင်ဖယ်တပ်တွင် အမှုဆက်လက်၍ မထမ်းတော့ဘဲ သူ၏လက်ငုတ်ပညာရင်းဖြစ်သည့် ရန်ကုန်တက္ကသိုလ်၌ ပြန်လည်၍ သိပ္ပံပညာကို ဆက်လက်သင်ကြားခဲ့ရင်း ဘူမိဗေဒပညာဘာက်တွင် စိတ်ပါဝင်စား သင်ကြားခဲ့ရင်း ဘူမိဗေဒပညာဘာက်တွင် စိတ်ပါဝင်စားသူပီပီ သိပ္ပံဘွဲ့ထူးကို အောင်မြင်စွာ ဆွတ်ခူးရရှိသွားကြောင်း သတင်းကြားရ၏။

ထို့နောက် ဖေအောင်သည် သဘ္ဘာဝသနာအတိုင်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် တရုတ်နယ်စပ်တစ်လျှောက်တွင် သူ့ဝါသနာအရ အမဲပစ်ရင်း ဘူမိဗေဒလုပ်ငန်းကိုပါတွဲဖက်၍ သတ္တုရှာဖွေခြင်းများကို ပြုလုပ်နေကြောင်းကို အထက်ဗမာပြည်မှ ရဲဘော်ဟောင်းများဆီက သတင်းသဲ့သဲ့ကြားရသည်။

သို့ရာတွင် များမကြာမီက သူနှင့်အဖွဲ့ဝင်များကို တရုတ်တောပုန်းဂိုဏ်းတစ်ဂိုဏ်းက တောတွင်း၌ ချောင်းမြောင်းသတ်ဖြတ်လိုက်သည့် သတင်းဆိုးကြောင့် ကျွန်တော့်အနေနှင့် ရဲဘော်ရဲဘက်သံယောဇဉ် မကင်းနိုင်သူပီပီ

mgyoe.com


သုံးလေးရက်မျှ အိပ်မပျော်နိုင်အောင် စိတ်ဆင်းရဲခဲ့မိသည်။ ယခု ကျွန်တော် သုံးလေးရက်စိတ်ဆင်းရဲအောင် ဒုက္ခပေးခဲ့သော ဘသား ချောဖေအောင်သည် မသေမပျောက် ကျန်းကျန်းမာမာ ကျွန်တော်၏အိမ်သို့ပင် ရောက်ရှိရုံမက ကျွန်တော်၏သမီးငယ်နှစ်ဦးကို အမည်မဖော်နိုင်သည့်လက်ဆောင်များ ပေးသွားသည့်သတင်းကြောင့် ကျွန်တော်သည် ဖေအောင်၏အတိတ်ကို စဉ်းစားရင်း ဝမ်းမြောက်ဝမ်းသာနေမိခြင်း ဖြစ်ပါသည်။

ဗိုလ်ဖေအောင်သည် သူ့ဝါသနာအရ သူလုပ်လိုသော အလုပ်ကိုသာ ငွေကြေးရရ မရရ ရွေးလုပ်တတ်သည်။ သူ့အတွက် တစ်ဝမ်းတစ်ခါးစားရလျှင်ကျေနပ်ပြီး သူ၏ဝါသနာအရ အမဲကောင်းကောင်း ပစ်ခတ်နေရလျှင် သူ့အတွက် အားလုံးအဆင်ပြေနေတော့သည်။ တစ်နှစ်လျှင် သုံးလေးလဖိ၍ သူအလုပ်လုပ်ရုံနှင့် ကျန်သည့်လများအတွက် သူ့အဖို့ ငွေကြေးပြဿနာမှာ ပြေလည်နေသလို သူ၏သွားရေးလာရေးနှင့် စားသောက်ရေးအတွက် လင့်ရိဘာကားတစ်စင်းကို အိမ်လုပ်ကာ မုဆိုးသံသရာလည်နေသော ဖေအောင်၏သတင်းမှာ တကယ်တော့ ဘာမျှ မဆန်းတော့ချေ။

သို့ရာတွင် ဖေအောင်အဖို့ ထူးခြားသောစိတ်ဓာတ်တစ်ခု ရှိခဲ့သည်။ သူသည် ဗမာ့တပ်မတော်နှင့် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးခဲ့သလို မျိုးချစ်စိတ်ဓာတ်အပြည့်ရှိခဲ့သော ရဲဘော်ဟောင်းတစ်ဦးလည်း ဖြစ်ခဲ့သည်။ သူစိတ်ပါဝင်စားသည့် အလုပ်မှန်သမျှကို ငွေကြေးတစ်ပြားတစ်ချပ်မှ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဇောက်ချကာ မထတမ်းလုပ်တတ်သူဖြစ်ပြီး စွန့်စားမှု၊ အမဲပစ်ခတ်မှုတို့တွင် ထမင်းထက်နှစ်သက်သောသူတစ်ဦး ဖြစ်ပါသည်။

"ရော့ ... ရော့ ... မောင်၊ ဘာတွေမှန်းမသိဘူး။ မိုင်းကိုင်စက္ကူနဲ့ ထုပ်လို့၊ စာတစ်စောင်ရော့၊ စာအိတ်အထူကြီးတစ်ထုပ် ရော့ ..."

ကျွန်တော်၏လက်ဝယ်အရောက် စောဇေရီက ဖေအောင်ပေးထားခဲ့သော ပစ္စည်းများကို အပ်နှင်းပြန်ပါသည်။ သမီးနှစ်ယောက်ကလည်း ဦးဘိုးဟန်တို့ဆီသို့ တစ်လှည့်ပြေးကာ ...

"ဘဘကြီး ... ဘဘကြီး ..." နှင့်အလွမ်းသယ်ကာ ဦးဘိုးဟန်၏ လည်ပင်းကိုလှမ်း၍ ဟီးလေးခိုနေပြန်သည်။

ကျွန်တော်သည် မိုင်းကိုင်ရှမ်းစက္ကူထူထူနှင့် ထုပ်ထားသည့်အထုပ်ကို

mgyoe.com

mgyoe.com


စောဧကရီလက်မှ လှမ်းယူငင်ကာ ကျွန်တော်၏ ညာဘက်လက်ဖဝါးအတွင်း၌ချိန်ဆကြည့်လိုက်မိသည်။ လေးငါးကျပ်သားခန့် အချိန်စီးပြီး သူ့အတွက် ပစ္စည်းကို ထုပ်ထားပုံနှင့်ချိန်ဆကြည့်ရလျှင် အထုပ်သေးသေးတွင် အလေးချိန်အတော်စီးသည့် သတ္တုပစ္စည်းတစ်ခုခု ပါရမည်ဟု ခန့်မှန်းလိုက်ရပေ၏။ အထုပ်ကို အနီးရှိစားပွဲပေါ်တင်လိုက်ပြီး ဖဲအောင်၏စာအိတ်ကိုဖောက်၍ အတွင်းမှ စာရွက်နှစ်ရွက်ကို ဖတ်ကြည့်လိုက်မိသည်တွင် ...

*သူငယ်ချင်းဗိုလ်မှူးကြီး*

*ခေတ္တပျဉ်းမနားမြို့*
*၉.၁၀.၆၄*

*အစဉ်သတိရစွာဖြင့် စာရေးခဲ့ပါသည်။ ...*

*တို့ကျောင်းနေစဉ်ကလည်း မင်းက ရင်းရင်းနှီးနှီးခေါ်မှကြိုက်နှစ်သက်သည့်ဝါဒအတိုင်း သူငယ်ချင်းလို့ မင်းအကြိုက်ကိုလိုက်ခေါ်ပြီး ငါ့အနေနဲ့ မင်းကိုလေးစားနေတဲ့အတွက် ဗိုလ်မှူးကြီးလို့ ခေါ်လိုက်ပါရစေကွာ ...*

*မင်းလည်း ငါ့ကို ထာဝစဉ်သတိရနေမယ်ဆိုတာ ငါယုံကြည်ခဲ့သလို မင်းကလည်း ငါနဲ့ဝါဒတူတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေလို့ အမဲလိုက်ရင်းတောလည်ရင်း ငါ့ကိုသိပ်သတိရပြီဆိုတာ ငါခြွင်းချက်မရှိ ယုံကြည်လိုက်ပါပြီ သူငယ်ချင်း ...*

*ငါ့အတွက် တလောက မဟုတ်မဟာတ်သတင်းတွေ ကြားရလို့ မင်းစိတ်ဆင်းရဲနေမှန်းရိပ်မိလို့ ငါမင်းဆီ ရွှေမန်းကိုပြန်ရင်း လမ်းခုလတ်က လှည့်ဝင်ဖြစ်အောင် ဝင်ခဲ့ခြင်းပါပဲ။ အမှန်ကတော့ လောကမှာ မင်းနဲ့ငါလိုဘာကိုမှ မကြောက်တတ်တဲ့ စွန့်စားခြင်းအလုပ်ကို အပျင်းပြေကစားတဲ့သူတွေအဖို့ ဘေးအန္တရာယ်တွေ ကြောက်လန့်စရာတွေဟာ မုချတွေ့ခဲ့ရပြီး၊ တွေ့ရတုန်း တွေ့ရလတ္တံ့ပဲ သူငယ်ချင်း ...*

*အဲဒီလိုစွန့်စားခန်းတစ်ခုနဲ့ပတ်သက်ပြီး ငွေကြေးရဖို့ကိစ္စနဲ့ တစ်သက်မှာ ရွှေဘုံပေါ်မှာထိုင်ပြီးစားသောက်ရင်း ရဲဘော်ရဲဘက်တွေနဲ့ ဇိမ်ကျကျ အမဲပစ်ရဖို့ကြိုးစားခဲ့ရတဲ့ ရွှေငွေဘဏ်တိုက်ကြီးတစ်ခုကို ရှာဖွေရတဲ့ကိစ္စ တစ်ခုမှာ အမှန်ကတော့ မင်းတို့သူငယ်ချင်းတွေ ရဲဘော်တွေ ကြားလိုက်ရ*

mgyoe.com

mgyoe.com


သလို ငါနဲ့ငါ့ရဲဘော်တွေသာမက ...

ဟဲ ... ဟဲ ... ရေးလိုက်ပြောလိုက်ရဦးမယ်။ အခုတစ်ခါ ငါ့အသက်ဖူးဖြစ်နေတဲ့ အမျိုးသမီးတစ်ဦးနဲ့ သူ့ဇာခင်တစ်ယောက်ကိုပါ သတ်ဖြတ်ဖို့ကြိုးစားတဲ့ တရုတ်လူဆိုးဂိုဏ်းခေါင်းဆောင်တစ်ဦးနှင့် ဂိုဏ်းသားတွေရဲ့လုပ်ကြံမှုကို ငါတို့ကြံ့ကြံ့ခံခဲ့ရပြီး အဲဒီအတိုက်အခံလုပ်ကြံမှုတွေကို ငါခေါင်းဆောင်ပြီး အပြတ်ရှင်းပြီးသုတ်သင်နိုင်ခဲ့လို့ မင်းအိမ်ငါလာပြီး ဒီစာကို ရေးခွင့်ရခဲ့တာပဲကွာ၊ သို့မဟုတ်ရင် အခုလောက်ရှိရင် ငါနဲ့ငါ့ရဲဘက်တွေ အပေါင်းအပါတွေ အရိုးဆွေးပြီး အညတရသေခြင်းမျိုးနဲ့ ဘဝဆုံးခဲ့လောက်ပြီသူငယ်ချင်း ...

မင်းယုံကြည်ရဲ့လား၊ ငါပြောနေရေးနေတာတွေက အမှန်ပါကွာ။ ငါမိန်းမရနေပြီ သူငယ်ချင်း၊ ဒါကိုကြိုတင်ပြီး မင်းဆီကို တမင်တကာဝင်လာပြီး ငါထားခဲ့တဲ့ကတိ ပျက်ကွက်တဲ့အတွက် တောင်းပန်ခြင်းလည်းပါပါတယ် ဗိုလ်မှူးကြီးရာ။ မင်းနဲ့ငါနဲ့ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲအပြီးရန်ကုန်မှာဆုံမိတုန်းက ငါတစ်သက်မှာ မိန်းမမယူ အိမ်ထောင်သားမွေးမလုပ်တော့ပါဘူးလို့ ခပ်တင်းတင်းပြောခဲ့မိတဲ့စကား လက်စကို ငါ အခုအခြေအနေမှာ အနူးအညွတ်နဲ့ မင်းကိုတောင်းပန်ပါရစေ။ အကြောင်းကတော့ ငါမိန်းမရပြီး အခုအရေးတကြီးနဲ့ မင်းကိုတောင် ပြန်အလာကို မစောင့်နိုင်စတမ်းကိစ္စပေါ်လာတဲ့ အကြောင်းအရင်းက ငါ့မိန်းမက မန္တလေးပြည်သူ့ဆေးရုံမှာ ပထမသားဦးလေး မျက်နှာမြင်တော့မှာမို့ ကြေးနန်းရရချင်း ရန်ကုန်ကိုလာပြီး ငွေထုတ်ရင်း ကျည်ဆန်တွေထုတ်နေတဲ့ ငါတစ်ယောက် မန္တလေးကို ဒုန်းစိုင်းပြန်ရခြင်းအကြောင်းပါပဲကွာ။ ပြီးတော့ ငါတို့ရဲဘော်တွေကိုမန္တလေးကနေပြီး ငါပြန်အရောက်ကို စောင့်ခိုင်းထားခဲ့တာတွေကလည်းရှိနေတော့ သူတို့ကို ပေးသင့်ပေးထိုက်တဲ့ ဖော်ပြပါ ရတနာသိုက်ကြီးရှာဖွေရာမှာ ရရှိလာတဲ့ဆုကြေးတွေကို ဝေခွဲပေးရန်က ရှိနေလို့ပဲ ...

တစ်ခါတစ်ခါတော့ ငါတို့ငယ်ငယ် ကျောင်းနေစဉ်က ခံယူခဲ့တဲ့အယူအဆတွေကို ပြန်လည်သုံးသပ်ကြဖို့ အချိန်ရောက်လာပြီး ကံကြမ္မာနဲ့ဖူးစာရေးဆိုတဲ့ကိစ္စတွေပဲ။ မင်းလည်းသိခဲ့တဲ့အတိုင်း ငါက ရုပ်ဝါဒဆန်တဲ့လူတစ်ယောက်ပီပီ ကံဆိုတာ ပြက်လုံးသဘောမျိုးထားပြီး ငါကိုယ်တိုင်က

mgyoe.com

m.gyoe.com


လှောင်ပြောင်ရှုတ်ချခဲ့တယ်။

ငါယုံကြည်တာက ဝီရိယ၊ ဉာဏ်နဲ့ ဇွဲပဲ။ ဒါပေမဲ့ ငါရဲ့ အတွေ့အကြုံအရ ကံကိုပဲယုံကြည်ရမလိုဖြစ်လာရုံမက ဘယ်တုန်းကမှ စိတ်ထဲမကူးခဲ့တဲ့ ငါ့အိမ်ထောင်ရေးဟာ ပြောစရာပါပဲကွာ။ မလွဲမရှောင်သာစတမ်း ငါ့ကို ချုပ်ကိုင်လိုက်ခဲ့ပြီ။ ဒါဟာ စဉ်းစားစရာတွေထဲမှာ တစ်ချက်ပါတယ် သူငယ်ချင်း ...။

မင်းဇနီးချောဆီ ငါပေးခဲ့တဲ့ ငါနဲ့ငါ့အပေါင်းအပါတွေရဲ့လူ့ပြည်က အိုးစားကွဲခမန်းဖြစ်ရပ်တွေကို မင်းကိုယ်တိုင်လေ့လာပြီး မင်းအတွက် ဝတ္ထုကောင်းတစ်ပုဒ်အဖြစ် ငါတို့လင်မယားက ချစ်လက်ဆောင်ပေးခဲ့ပါတယ်။ ဖြစ်ကတတ်ဆန်းရေးမှတ်ခဲ့တဲ့ ငါ့နေ့စဉ်မှတ်တမ်းနဲ့ လက်ရေးစာမူတွေကို မင်းကြိုးစားဖတ်ပြီး ငါ့ရဲ့ဖြစ်ရပ်အတွေ့အကြုံတွေဟာ စာပေတရားခွင်ပေါ်မှာ တင်ထိုက်မတင်ထိုက် မင်းဝေဖန်ပေတော့ သူငယ်ချင်း ...။

ဒါထက် မင်းကိုကြိုတင်တောင်းပန်ရမှာက သူငယ်ချင်းလည်း ငါ့လိုပဲ ရွှေငွေရတနာတွေကို ကျည်ဆန်တောင့်လောက် မမြတ်နိုးခဲ့တဲ့ လူတစ်ယောက်မို့လို့ မင်းမရှိခိုက်မှာ ငါ့အသက်နဲ့လဲပြီး ကြိုးပမ်းရရှိလာတဲ့ ဘဏ္ဍာသိုက်ထဲကရရှိလာခဲ့တဲ့ ပစ္စည်းတစ်ခုခုကို မင်းရဲ့ရင်သွေး သမီးကလေးနှစ်ဦးကို ငါ့ရဲ့ အမြတ်တနိုးလက်ဆောင်အဖြစ်နဲ့ ပေးခဲ့တာကို မင်းစိတ်မဆိုးဖို့ပဲ။ ငါ့မှာလည်း လက်ဆောင်ပေးဖို့ရာ ဒီပစ္စည်းတွေပဲရှိခဲ့တာမို့ ငါလည်း သူငယ်ချင်း ခုချိန်ကျမှ သားရေးသမီးရေး ကိုယ်ချင်းစာတတ်တဲ့စိတ်တွေပေါ်နေတယ် သိရဲ့လား ... သူငယ်ချင်း ...။ အကြောင်းရင်းက ငါ့မှာလည်းမင်းလို သားသမီးရတနာတွေ ရတော့မှာမို့ပေါ့ကွာ ...။

ငါ့စာကိုဖတ်ပြီး လူချင်းမတွေ့ရကောင်းလားဆိုပြီး ဆူမနေနဲ့ကွနော်။ တစ်နေ့ မင်းနဲ့ငါပြန်ဆုံမိပြီး အမဲပစ်တစ်ချီလောက် ထွက်ကြရအောင်၊ စစ်တိုက်တဲ့လုပ်ငန်းကတော့ တို့တစ်တွေ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ပြီးပြီမို့ စစ်တော့ သိပ်မတိုက်ချင်တော့ဘူး ဗိုလ်မှူးကြီးရ။

မင်းနဲ့ အိမ်ထောင်ရှင်ဇနီးချောနှင့် သားသမီး တပည့်တပန်းတွေ ရွှင်လန်းကြပါစေ။

မင်းရဲ့သူငယ်ချင်း ရဲဘော်ဖေအောင်။

m.gyoe.com

mgyoe.com


ကျွန်တော်သည် ဤကဲ့သို့ အပြောင်းအလဲမြန်လှသည့်တိုင် ဖေအောင်၏ ဘ၀အခြေအနေကို မယုံကြည်နိုင်အောင် ရှိပါတော့၏။ ဒီအကောင်က ကျွန်တော့်ကို တစ်ပတ်ရိုက်လိုက်ပြီး လုပ်ဇာတ်ခင်းနေပြန်ပြီလားဟူသော သံသယစိတ်ဓာတ်ပြင်းစွာ ရေးသားခဲ့သည့် အကြောင်းအရာများကို တစ်ခေါက်ပြန်၍ ဖြစ်နိုင်၊ မဖြစ်နိုင် စစ်တမ်းထုတ်ကာ ဝေဖန်လိုက်မိသည်။

ထို့နောက် သူလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့် မိုင်းကိုင်စက္ကူနှင့် ထုပ်ထားသည့် အခြားအလေးချိန်စီးနိုင်သော အထုပ်ကလေးဆီသို့ ကျွန်တော်၏လက်ချောင်းတွေက ရောက်ရှိခဲ့ရင်း စက္ကူပတ်ကို တစ်လွှာချင်း ဖြေကြည့်မိသည်။ စက္ကူသုံးထပ် ပြီးဆုံးသည့်ကာလဝယ် ဝင်းဝါနေသော ပစ္စည်းတစ်ခုကိုတွေ့လိုက်ရသည်။

"တရုတ်ရွှေတွေမောင် ...၊ သိပ်အရည်ကောင်းတဲ့ ရွှေမျိုးတွေ ..."

ဘေးတွင် အသာရပ်ကြည့်နေခဲ့သည့် ကျွန်တော်၏စောဓကေရီက လွှတ်ခနဲပြောလိုက်ရာ သေနတ်တိုက်ချွတ်နေသည့် ပန်းထိမ်ဆရာဖြစ်သူ မုဆိုးအဖွဲ့ဝင် သန်းညွန့်က ထလာပြီး ကျွန်တော်၏လက်တွင်းမှ ဝါနေသည့် အတုံးတစ်တုံးကို သူ၏လက်ဝယ်ဖြန့်ချရင်း အပြန်ပြန်အလှန်လှန် လေ့လာလိုက်ပြီး ...

"ဟုတ်တယ်၊ တရုတ်ပြည်ဘက်က ထွက်တဲ့ရွှေလေ၊ တို့မြန်မာပြည်တွင်းကထွက်တဲ့ရွှေလို အရောင်သိပ်မဝါဘဲ ခပ်စိမ်းစိမ်းအရောင်တွေ ရောနေတယ်။ အိနေတဲ့ တရုတ်ရွှေတွေကွ၊ လေးကျပ်သားထက် မလျော့ဘူး ..."

ရွှေအကြောင်း၊ ကျောက်အကြောင်းသိနေသည့် ပန်းထိမ်ဆရာ ကိုယ်တိုင်က သက်သေခံလိုက်တော့သည်။

"အမဲပစ်ရိုင်ဖယ်ကျည်ဆန် နောက်ထပ်တစ်ရာဆီထုတ်ဖို့ ရန်ပုံငွေအဖြစ် သိပ်သေချာနေပြီပေါ့ကွာ ..."

ကံလှသည် ရိုင်ဖယ်တစ်လက်ကို ဆွဲကြိုးနှင့်တိုက်ချွတ်ရာမှ ခပ်ကျယ်ကျယ် ပြောလိုက်၏။

"ဘယ်ဖြစ်မှာလဲကွ၊ မင်းတို့ဟာက ဘယ်ကရရ အမဲပစ်ဖို့ချည်း ဦးစားပေးနေပြီးတွက်နေတာကိုး။ ဒါက ဗိုလ်မှူးသူငယ်ချင်းက တို့ကို ညီအစ်မအတွက် တကူးတကလက်ဆောင်ပေးခဲ့တာ၊ ကျည်ဆန်တွေ ဝယ်ပစ်လို့

mgyoe.com

mgyoe.com


ဘယ်ကောင်းတော့မှာလဲကွ ..."

ဦးဘိုးဟန်သည် အမှတ်မထင်ပင် လေးလေးလံလံ ရွှေဟူသော ပညတ်ထားသည့် ဝါဝါပြောင်ပြောင်ပစ္စည်းကို သိပ်ဂရုမစိုက်ဘဲ ကျွန်တော်၏ဇနီးလက်တွင်းသို့ ပေးအပ်လိုက်ပြီး ကော်ဖီတစ်ခွက်ကို ဟန်ရပန်ရ သောက်ချလိုက်ပါသည်။

ဦးစိုးရင်နှင့် ကျွန်တော်၏နှမများက ဆတ်သားခြောက်၊ ဝက်သား ခြောက်များကို အိမ်ရှေ့ကွက်လပ်တွင် ကြိုးတန်းများပစ်ကာ နေလှန်းနေကြ သလို ဦးဘိုးဟန်နှင့် ကံလှတို့လူစုကလည်း ကျည်ဆန်များကို သူ့နေရာနှင့် သူ အကန့်လိုက် သေနတ်ဗီရိုအတွင်းသို့ ထားနေကြသည်။ ကျွန်တော်၏ သမီးနှစ်ယောက်ကား ကလေးကစားစရာ သေနတ်တစ်လက်စီဖြင့် သေနတ် ပစ်တမ်းကစားနေကြသည်။ စောကေရီကား ကျွန်တော်၏တောလိုက်အဝတ် ဟောင်းများကို ဒိုဘီပေးရန် အိပ်ရာလိပ်ကိုဖြေကာ ခွဲခြားကန့်သတ်နေပါသည်။

ကျွန်တော်သည် ဖေအောင်၏ပေးအပ်ခဲ့သည့် စာအိတ်ရှည်ကြီးကို ဖွင့်ကာ စာရွက်စာတမ်းများအခြေအနေကို အရေးတကြီး သုံးသပ်လိုက်မိ သည်။ စာရွက်တွေမှာ မျိုးစုံလှပေသည်။ အသစ်အဟောင်းတစ်ပတ်နွမ်း စသည်များအပြင် သတင်းစာစက္ကူသာသာ စာရွက်မျိုးစုံနှင့် အရောင်မျိုးစုံ တို့ကို တွေ့လိုက်ရပေ၏။ ယခုခေတ်ဝတ္ထုစာပေများတွင် ချုပ်ကိုင်ပုံနှိပ်ထား သည့် ရောင်စုံစက္ကူများကဲ့သို့ပင် စုံလှပေ၏။

တစ်ခါတစ်ခါ လက်ရေးအင်မတန်ကောင်းပြီး တစ်ခါတစ်ခါတွင် ဘောပင်များဖြင့်ရေးသားခဲ့သည့် လက်ရေးစာလုံးများကို တွေ့ရပေ၏။ တစ်ချီတစ်ချီတွင် ကြောင်ခြစ်ထားသကဲ့သို့ ကမန်းကတန်းရေးမှတ်ထား သည့် လက်ရေးမျိုးကို တွေ့ရပြန်သည်။ သို့ရာတွင် သူ၏စာပါအကြောင်း ရင်းများကို နှိုက်နှိုက်ချွတ်ချွတ် ကျွန်တော်က လေ့လာခဲ့သည်တွင် ခိုင်ခိုင် မာမာ အကြောင်းအရာများသာမက ကျွန်တော်ပင် မတွေ့ဖူးမကြုံဖူးသေး သည့်ဖြစ်ရပ်များ၊ အကြောင်းအရာများပင် ပါရှိနေသည်ကို တွေ့ရသဖြင့် စိတ်ပါဝင်စားလာမိတော့သည်။

ဖေအောင်၏မူလဇီဇစိတ်ဓာတ်များနှင့်ပတ်သက်သော အကြောင်း အရာများကို လုပ်ဆောင်မှုများလည်း ပါရှိလာပေသည်။

mgyoe.com

mgyoe.com


အချစ်ရေးနှင့်ပတ်သက်၍ သူ၏ခံစားရပုံမှာ စိတ်ဓာတ်တုန်လှုပ်မိ ပုံများကို အတိအလင်း ပွင့်ပွင့်လင်းလင်း ရေးသားဝန်ခံချက်များကို ဖတ်ရသောအခါတွင် ကျွန်တော်လည်း တစ်ကိုယ်တည်းပြုံးမိခဲ့၏။ ဘေးမှအသာထိုင်ကာ ကျွန်တော်၏မျက်နှာကိုအကဲခတ်နေသည့် ကျွန်တော်၏ဇနီးက "ဘာတွေ တုံး ... တစ်ယောက်တည်းကျိတ်ပြီး သဘောကျနေတာ ..." ဝင်ရောက်မေးလိုက်ရာ ကျွန်တော်က အသာခေါင်းယမ်းပြရင်း သူမကိုယ်တိုင် ငှဲ့ပေးထားသည့် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ကောက်ကာငင်ကာ သောက်လိုက်ပြီး ဆက်လက်၍ ဖေအောင်၏စာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် လှေ့လာဖတ်ရှုမိသည်။

ဖတ်ရင်းဖတ်ရင်းပင် သူ၏အသည်းထိတ်စရာအဖြစ်အပျက်များနှင့် သူ၏တောက်ပြောင်သော ဦးဆောင်မှုများ၊ တိုက်ခိုက်မှုများနှင့် အမြော်အမြင်ရှိမှုများကို တသီတတန်းကြီး တွေ့မြင်လာရပေ၏။ ဖေအောင်၏မှတ်တမ်းများကို ကျွန်တော်၏ စာပေအတွေ့အကြုံရှိသောမြင်ကွင်းနှင့် ဆက်စပ်၍ ဇာတ်ထုပ်တစ်ထုပ်အနေဖြင့် ရေးသားတင်ဆက်လိုက်ရပါလျှင် ...

* * *

## မုဆိုးသံသရာလည်သူတစ်ဦး

မိုးနှင့်ထိနေဟန် တောင်တန်းပြာကြီးများသည် ဝိုင်းရံပိတ်ဆို့လျက် မျှော်လေတိုင်း မှုန်မှိုင်းရီဝေ မြူနှင်းဆီးနှင်းတို့အခြေပြုလျက် ...

ထင်းရှူးပင်များကလည်း တောင်စောင်းတောင်တန်းများတစ်လျှောက် ဦဖောင်းမွေးထန်သော မြင်းရိုင်းများအသွင်ဖြင့် အထပ်ထပ်အဆင့်ဆင့် ပေါက်ရောက်ပိတ်ဖုံးလျက် မြင့်မားသော တောင်ထိပ်များတစ်ဝိုက်ဝယ် မိုးသားများနှင့် တောင်ထိပ်မှဆီးနှင်းမြူများသည် ထိတွေ့ကာ ဘော်ခွာရောင်များယှက်သန်းနေတော့သည်။ တောင်ထွတ်တောင်ကြားများတစ်လျှောက်မှ ဖြတ်၍အရှိန်ပြင်းပြင်းနှင့် တိုက်ခတ်လာသည့် အအေးဓာတ်အပြည့်ပါသည့် လေပြင်း၏ တဟူးဟူးတိုက်ခတ်သံများကလည်း တရုတ်မြန်မာနယ်စပ် တစ်လျှောက်၏ ပတ်ဝန်းကျင်အခြေအနေမှန်ကို သရုပ်ဖော်လျက်ရှိနေပါသည်။ သားမွေးဂျာကင် အစိမ်းရင့်ရောင်ကိုယ်စီဝတ်ဆင်ကာ သက္ကလတ်ဘောင်းဘီ

mgyoe.com

mgyoe.com

ရှည်များအောက်ဝယ် ဒူးဆစ်ထိအောင်ရှည်လျားသည့် သားရေတောစီးဖိနပ်ရှည် ကိုယ်စီစီးနင်းလာကြသည်။ ရိုင်ဖယ်ကိုယ်စီဆွဲကိုင်ကာ တစ်စုံတစ်ရာကို သတိကြီးစွာဖြင့် ရှာဖွေနေကြသည့်လူတစ်စုကို ထင်းရှူးတောများကြားတွင် ရုတ်တရက် မြင်တွေ့လိုက်ရပေ၏။

"ဟေ့ ... ခွန်ပန်၊ သတိထားကြည့်ကြနော်၊ တို့လိုက်ရှာတဲ့သားမင်းကောင်ခြေရာနောက်က ကျားခြေရာကြီးကို လတ်လတ်ဆတ်ဆတ် တွေ့နေရတယ်။ တွေ့လိုက်ရင် လက်မနှေးကြစေနဲ့ ..."

လမ်းပြနှင့်အတူ ဘေးချင်းယှဉ်ကာ အမဲကြီးရိုင်ဖယ် ၄၀၄ မဂ္ဂဇင်းရိုင်ဖယ်တစ်လက်ကို ပစ်ရန်အသင့်အနေနှင့်ကိုင်ကာ ဦးဆောင်ချီတက်လာသည့် ဒူးဝါးဖေအောင်ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ရဲဘော်ဟောင်းကြီးဖေအောင်က သူ့နောက်ပါတပည့်ကျော်တစ်စုကို သတိပေးလိုက်ရာ ...

"စိတ်ချပါ ဒူးဝါး၊ ကျွန်တော်တို့ ဒူးဝါးအပစ်အခတ်သင်ပေးထားသလို လက်မနှေးတော့ပါဘူး။ အမြန်ကောင်းကောင်း ပစ်တတ်ခတ်တတ်ပါပြီ ..."

ဖြေကြားလိုက်ရင်း အသက်အစိတ်ခန့် ကချင်လူရွယ်က ၃၇၅ မဂ္ဂနမ်မဂ္ဂဇင်းရိုင်ဖယ်ကို အားရပါးရဆုပ်ကိုင်ကာ ပစ်မှတ်ကိုရှာဖွေကြည့်ရှုပြီး သူ့ကိုယ်သူ ယုံကြည်စိတ်အပြည့်ရှိသောမျက်နှာဖြင့် တစ်လုံးချင်းဖြေကြားလိုက်သည်။

ဤမုဆိုးသုံးဦးတို့ကလည်း ဗိုလ်ဖေအောင်၏မုဆိုးအဖွဲ့ကျန်များဖြစ်ပြီး အင်္ဂလိပ်စစ်သုံးရိုင်ဖယ်များ ၃၀. ဝပ်၊ အမေရိကန်ရိုင်ဖယ်များကို အသင့်ကိုင်ကာ နှင်းခဲများပေါ်မှ ကြီးမားစွာထင်၍ကျန်ရစ်ခဲ့သည့် ကျားခြေရာကြီးများကို တစ်ချက်ချက် ငုံ့၍ကြည့်ကာ ကချင်ဘာသာနှင့် အချင်းချင်း သတိပေးနေကြပါသည်။

နှင်းခဲများကြားမှ မထင်မရှား လူသွားလမ်းကလေးအတိုင်း မြန်မာပြည်၏မြောက်ပိုင်း အစွန်ဆုံးဒေသ ကချင်ပြည်နယ်အတွင်းမှ အင်မတန်ရှားပါးလှသော သားမင်းခေါ် (Takin)သတ္တဝါကို အရှင်ဖမ်းယူရေးအတွက် ငွေကုန်ကြေးကျခံကာ ချွေးနှင့်သွေးနှင့်ရင်းကာ တောခြောက်ကိုရိယာ အစုံအလင်ဖြင့် ကြိုးပမ်းနေကြသည်။ ဒူးဝါးဖေအောင် ခေါ် ဗိုလ်ဖေအောင်၏

mgyoe.com

mgyoe.com

မုဆိုးအဖွဲ့ဝင်များ၏ တစ်နံနက်ခင်း လုပ်ငန်းအတွေ့အကြုံများသာ ဖြစ်ပါသည်။

"ဒူးဝါးရေ ...၊ ရှေ့တစ်ကွေ့ကျရင် ငါတို့ထောင်ချောက်တစ်ခုကို ရောက်တော့မယ်။ ဟိုအကောင်ကြီး 'ရှာရော်' ကြီးခြေရာတွေကလည်း အဲဒီ ထောင်ချောက်ဆီကို တန်းနေတယ်ကွ၊ တို့နဲ့ တိုးမိမှာ သေချာတယ်ဒူးဝါး ..."

တပည့်ကျော်ခွန်ပန်သည် လမ်းဆောတစ်ချက်တစ်ချက်ကို စောင်းငဲ့ကာ ရိုင်ဖယ်နှင့်အသင့်ချိန်ရွယ်ရင်း နောက်မှလှမ်း၍ သတိပေးလိုက်သည်တွင်...

"အေးကွ ခွန်ပန်၊ ငါလည်း မင်းလိုထင်တာပဲ။ တို့တပင်တပန်းခံပြီး ထောင်ထားတဲ့သားမင်းကို ဒီကျားကြီးစားသွားမှဖြင့် တို့တစ်တွေ ရင်ကျိုးရ ချေရဲ့ ခွန်ပန်ရာ ..."

ဆရာတပည့်နှစ်ဦးသည် ထင်းရှူးတောအတွင်း၌ ထောင်ထားခဲ့သည့် ထောင်ချောက်ဆီသို့ ခပ်လှမ်းလှမ်းက အရိပ်အခြည်ကိုစောင်းငဲ့ကာ ကြည့် လိုက်ကြသည်။ ပေါင်လုံးခန့်တုတ်ခိုင်သော ထင်းရှူးသားနှင့် ပင်စိမ်းသား သစ်တိုင်ကြီးများဖြင့် ထောင်ချောက်လုပ်ကာ အပေါ်နှင့်ဘေးမှ သစ်ခက် သစ်စိမ်းများ ကာရံအုပ်ခတ်ထားသည့် ထောင်ချောက်အတွင်း၌မူကား ညိုသြန်းသန်း သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရပေ၏။

"ဟိတ် ... ခွန်ပန်၊ မိနေပြီကွ၊ မြင်ရဲ့လား သားမင်း ..."

ဗိုလ်ဖေအောင်က ဝမ်းမြောက်ဝမ်းသာစွာဖြင့် သေနတ်ပြောင်းဝနှင့် ထိုးကာ ညွှန်ပြလိုက်ရာ နောက်ပါမုဆိုးတစ်သိုက်သည် လှုပ်လှုပ်ရှားရှား ဖြစ်ကာ ဝမ်းမြောက်ဝမ်းသာစွာ ဖြစ်သွားကြသည်။ သားမင်းမိထားသည့် ထောင်ချောက်ဆီသို့ တအားတက်၍ပြေးရန် ခြေလှမ်းပြင်လိုက်သည်တွင်...

"ဟော့ ... မသွားကြနဲ့ဦး၊ နေကြဦး၊ မြင်ရဲ့လား သားမင်း၊ တို့ကို အသင့်စောင့်နေတဲ့ ရန်သူကောင်ကြီး ရှရော် ..."

ကျားခြေရာကြီးများကို ညွှန်ပြကာ ဗိုလ်ဖေအောင်က ဂျိန်းဖောဘာ သာဖြင့် 'ကျားကြီး' ရန်သူအကြောင်းကို သတိပေးတားမြစ်လိုက်မှ ကချင် မုဆိုးများသည် ချက်ချင်းသတိရကာ ...

"အေး ... ဟုတ်တယ် ဒူးဝါး၊ ဒါထက် ရှရော်ကြီးကော ဘယ်မှာ ရှိနေလဲကွ ..."

mgyoe.com

mgyoe.com

ပြန်လှန်၍မေးလိုက်ရာ ဗိုလ်ဖေအောင်သည် တည်ကြည်အေးဆေးသော အမူအရာဖြင့် မရပ်မနားပြေးပေါက်ထွက်ပေါက်ကို မရှာဘဲ လည်စင်း၍ အသာထောင်ချောက်အတွင်း၌ ငြိမ်သက်နေရှာသည့် သားမင်းအခြေအနေကို ချောင်းကြည့်ကာ စဉ်းစားလိုက်ပြီးမှ ...

"မင်းတို့မြင်ကြရဲ့လား၊ ရှရော်ကြီးက တို့မတက်ခင် ထောင်ချောက်ထဲက သားမင်းကိုကျဉ်းမြောင်းနေလို့ သားမင်းကောင်ဘွားခနဲမိပြီး မလှုပ်တောင် မလှုပ်ဝံ့ရှာဘူး။ မင်းတို့မုဆိုးတွေသိခဲ့တဲ့အတိုင်း ဒီအင်မတန်ရိုင်းတဲ့ သားမင်းကောင်တွေကို ထောင်ချောက်ထဲမိခဲ့ရင် ဟိုတိုးဒီတိုက်နဲ့ လှုပ်လှုပ်ရှားရှား ထွက်ပေါက်ရှာနေတတ်တာ။ အခုတော့ မင်းတို့မြင်တဲ့အတိုင်း သားမင်းကောင် မလှုပ်ရဲတဲ့အခြေအနေ၊ ဒါ့ကြောင့် မင်းတို့ မစဉ်းစားဘဲ ထောင်ချောက်ဆီအရမ်းသွားမိရင် ရှရော်ကြီးက ထင်းရှူးတောထဲက တို့ကို လက်ဦးအောင် ထွက်ပြီးကိုက်ပြီးသားပဲ ..."

အခြေအနေကိုရှင်းပြကာ သတိပေးလိုက်ပြီး ...

"ကိုင်း ... အားလုံး ရိုင်ဖယ်တွေမောင်းတင်ပြီး တို့တစ်တွေ ဘေးချင်းယှဉ်ပြီး ထောင်ချောက်ဆီကို ပန်းတက်ကြရလိမ့်မယ်။ ကျားကြီးက တို့ကို အရင်ထွက်ဆော်လိမ့်မယ်။ ငါအတပ်လောက် ပြောလိုက်မယ် ..."

ဗိုလ်ဖေအောင်သည် သူ၏အမဲပစ် ၄၀၄ ရိုင်ဖယ်ကို မောင်းတုံးဆွဲကာ ထိုး၍ မောင်းတင်လိုက်ရင်း ရှေ့ဆုံးမှဦးဆောင်နေရာယူလိုက်သည်တွင် ခွန်ပန်နှင့် မုဆိုးလေးဦးတို့သည် ဗိုလ်ဖေအောင်၏ ဝဲယာတစ်ချက်စီမှကပ်၍ နေရာယူအသင့်ပြင်လိုက်သည်။

"တက်ကြဟေ့ ...၊ သိပ်မလောနဲ့၊ တစ်လှမ်းချင်း တက်ကြွနော်..."

ဗိုလ်ဖေအောင်က ဟစ်အော်အမိန့်ပေးကာ ထောင်ချောက်ဆီသို့ တစ်လှမ်းချင်း ဖိ၍လှမ်းကာ တက်ခဲ့ကြသည်တွင် ထောင်ချောက်ရှိရာ ထင်းရှူးတောစပ်နှင့် ၁၅ ကိုက်အကွာသို့အရောက်တွင် 'အားဂူး' ဟူသော မြေတုန်ဟည်းထွက်လာအောင် ကျားဟိန်းသံကြီးနှင့်အတူ ဘွားခနဲ ရှည်မျောမျောဝါတာတာကိုယ်လုံးကြီးသည် မြွောက်ခနဲ ထင်းရှူးရွက်များအကြားမှ လျှင်မြန်လှသောအရှိန်ဖြင့် ဗိုလ်ဖေအောင်တို့လူစုဆီသို့ ခုန်၍ပျံကာ ထွက်လာတော့သည်။

mgyoe.com

mgyoe.com

အင်မတန်လျင်မြန်လှသော ဗိုလ်ဖေအောင်သည် အဆင်သင့်ချိန်ရွယ်ထားသော ၄၀၄ အမဲပစ်ရိုင်ဖယ်နှင့်ပင် ၃ ချက်တိတိ တဒိုင်းဒိုင်းနှင့်ဆင့်ကာ တစ်ဟုန်တည်းထိုး၍အုပ်လိုက်သည့် ကျားကြီးကို ပစ်ချလိုက်တော့၏။

ခုန်လွှားရင်း လမ်းခုလတ်၌ပင် ကျားကြီး၏ခေါင်း၊ လည်မျို၊ ကျောရိုးစသည့်နေရာကောင်းသုံးရပ်၌ ယမ်းဂရိန်လေးရာတစ် အချိန်စီးနင်းသည့် ၄၀၄ ကျည်ဆန်သုံးချက်ထိမှန်ကာ ကျားကြီးသည် ဖြူလွလွဆီးနှင်းများအပေါ်ဝယ် တဆတ်ဆတ်လူးပ်ယမ်းရင်း အသက်ငင်နေတော့၏။

နောက်ပါ ကချင်မုဆိုးများသည် စူးစူးဝါးဝါးတစ်ပြိုင်နက် ဗိုလ်ဖေအောင်၏လက်မြန်မှု၊ လက်တည့်မှုကို ဩဘာပေးလိုက်ကြရင်း ကျားကြီးကို ရိုင်ဖယ်များနှင့် ဝိုင်း၍ချိန်ရွယ်ထားကြသည်။

"တကယ်ပါပဲ၊ ဟေ့ ဒူးဝါး ...၊ မင်း သိပ်သေနတ်ပစ်မြန်တယ်ဟေ့။ မင်းနဲ့လိုက်ရတာ တို့တစ်တွေ အားလုံးပျော်တယ်ကွာ ..."

မုဆိုးကြီးတစ်ဦးက ဒူးဝါးဖေအောင်၏ကျောကို အားရပါးရပုတ်ကာ ချီးကျူးလိုက်သည်။

ဗိုလ်ဖေအောင်သည် ကျားကြီးကို စိတ်ချရသည့်အခြေအနေသို့ စိုက်နေကြောင်း တွေ့ရမှပင် သူ့အပင်တပန်းခံကာ ကြိုးပမ်းခဲ့သည့် သားမင်းကောင်ရှိရာသို့ တက်ခဲ့သည်။

"ဟေ့ ခွန်ပန်၊ သစ်ခက်တွေခုတ်ပြီး များများအုပ်ပေးကွ၊ အထဲက အကောင် ကျားနံ့ကရော သေနတ်သံရော တို့လူနံ့တွေပါထပ်ရလို့ သိပ်ခုန်ပေါက်နေပြီ ..."

ထင်းရှူးကိုင်းများ၊ အရွက်များခုတ်ခိုင်းကာ သားမင်းထောင်ချောက်ပတ်ပတ်လည်ကို အုပ်ဆိုင်းထားခိုင်းလိုက်သည်။

ခွန်ပန်သည် ထောင်ချောက်အတွင်းမှ သားမင်းကို အသာချောင်း၍ ကြည့်လိုက်ပြီး လေသံဖြင့် ဗိုလ်ဖေအောင်အနားကပ်၍ ...

"အခုမိတာဟာ အထီးကွ ..."

သတင်းပို့လိုက်ရာ ဗိုလ်ဖေအောင်သည် ...

"ဟုတ်တယ်၊ ဒါကြောင့်မို့လို့ အမတစ်ကောင် နောက်ထပ်ရအောင် ထောင်ရဦးမယ်။ ရန်ကုန်မှာရှိတဲ့ တိရစ္ဆာန်ရုံကို သားမင်းအထီးအမတစ်စုံ

mgyoe.com

mgyoe.com

ပို့ပေးဖို့ တို့ဗိုလ်ချုပ်ကြီးအစိုးရဆီမှာ ငါတာဝန်ယူထားတယ်။ နောက် အမ တစ်ကောင် ထပ်ဖမ်းရအောင် ခွန်ပန် ..."

ဆရာတပည့်နှစ်ဦးသည် တော်လှန်ရေးအစိုးရ တိရစ္ဆာန်ဥယျာဉ်သို့ ပေးပို့ရန်အတွက် အလွန်အဖိုးတန်သလောက် ရှားပါးလှသည့် သားမင်းတစ်စုံကို ပို့နိုင်ရန်အတွက် တိုင်ပင်နေကြပြန်ပါသည်။

ကျားသေကြီးကို စခန်းသို့ပို့ဆောင်ရေးအတွက် စီစဉ်သူ စီစဉ်၍ သားမင်းကို ရွှေ့ပြောင်းနေရသည်။ သစ်သားလှောင်အိမ်ထဲသို့တစ်ဆင့် ရွှေ့ပြောင်းရန်အတွက် စီစဉ်သူက စီစဉ်နေကြရသည်။ သူတို့ရှိရာသို့ လူနှစ်ယောက် ခပ်သုတ်သုတ်လိုက်လာသည်ကို ဗိုလ်ဖေအောင်က မြင်လိုက်ရသည်တွင် မှန်ပြောင်းကိုထုတ်ကာ လှမ်း၍ကြည့်လိုက်ပြီး ...

"ဟေ့ ခွန်ပန်၊ စခန်းမှာထားခဲ့တဲ့ လမန်းနော်နဲ့ လူစိမ်းတစ်ယောက် အရေးတကြီး လိုက်လာနေတယ်။ ဘာကိစ္စလဲပဲဟေ့ ...၊ တို့ဆီလှမ်းတန်းလာနေပြီ ..."

မှန်ပြောင်းကိုကိုင်ကာ ဗိုလ်ဖေအောင်က သတိပေးလိုက်ရာ ခွန်ပန်သည် ကချင်ဘာသာဖြင့်လှမ်း၍ အကျိုးအကြောင်း မေးမြန်းလိုက်ရာ စခန်းစောင့်တစ်ယောက်ဖြစ်သူ လမန်းနော်က လှမ်း၍ဖြေကြားလိုက်သည်တွင် ကချင်စကားကို ကောင်းစွာတတ်ကျွမ်းသည့် ဒူးဝါးဖေအောင် အမည်ခံ ဗိုလ်ဖေအောင်သည် ချက်ချင်းပင် ...

"ဘယ့်နှယ် ဒူးဝါးဇော်လက အရေးကြီးတဲ့စာပေးပြီး ငါ့ကိုအခေါ်ခိုင်းတယ်ဆိုပဲ၊ ဒူးဝါးဇော်လဘာဖြစ်သလဲ ခွန်ပန်၊ ငါ့အချစ်ဆုံးသူငယ်ချင်းမို့ ငါစိတ်ပူမိတယ် ..."

ဗိုလ်ဖေအောင်သည် စခန်းမှ လိုက်လာသူများကိုကြည့်ကာ ဝေဖန်ချက် ချလိုက်ရှာပါသည်။

အမှန်မှာလည်း ဗိုလ်ဖေအောင်အနေနှင့် ကချင်ပြည်နယ်တွင် ဒူးဝါးဇော်လကို အားအကိုးရဆုံးနှင့် အယုံကြည်ရဆုံးဖြစ်ခဲ့သည်မို့ အရေးအကြောင်းရှိခဲ့လျှင် ဒူးဝါးဇော်လက ဗိုလ်ဖေအောင်ရှေ့မှရပ်ကာ မားမားမတ်မတ် ခုခံကာကွယ်ဖို့ အသင့်ရှိခဲ့ကြသည်။ မိတ်ဆွေရဲဘော်နှစ်ယောက် ဖြစ်ခဲ့ကြသည်။ ဗိုလ်ဖေအောင် ရန်ကုန်တက္ကသိုလ်တွင်နေစဉ်ကပင် တစ်ကျောင်းဆောင်

mgyoe.com

mgyoe.com

တည်း ပညာသင်ဘက်ဖြစ်ခဲ့ကာ ဒူးဝါးဇော်လအဖို့ တစ်ယောက်အကြောင်း တစ်ယောက်နားလည်ကြသလို အင်မတန် ခင်မင်ရင်းနှီးစွာဖြင့် တစ်ယောက်နှင့်တစ်ယောက် အမှီသဟဲပြုကာ အရင်းနှီးဆုံး အချစ်ဆုံးမိတ်ဆွေကောင်းများ ဖြစ်ခဲ့ကြသည်။

ဒူးဝါးဇော်လဆီမှ တမင်တကာလိုက်လာပြီး စာပို့လာသူ ကချင်ကြီးက ဒူးဝါးဖေအောင်ကို တရိုတသေပြုကာ သူ၏အိတ်ထဲမှစာတစ်စောင်ကို ပေးအပ်လိုက်သည်။

ဗိုလ်ဖေအောင်သည် စာအိတ်ကိုဖွင့်ကာ အတွင်းမှစာရွက်ကလေးကို အရေးတကြီးဖတ်လိုက်ပြီ ...

"စာကတော့ သိပ်ရှည်ရှည်မရေးထားဘူးဟေ့ ခွန်ပန်၊ သူ့စာရလျှင်ရချင်း သူ့ဆီကို အမြန်ဆုံးရောက်အောင် ဆက်ဆက်လိုက်ခဲ့ပါတဲ့ ..."

"ဟင်း ... ဒီကောင် တစ်ခုခုများဖြစ်နေပြီလားကွာ၊ ကဲဟေ့ ... မိထားတဲ့ သားမင်းတစ်ကောင်နဲ့ပဲ အခြေခံစခန်းဖြစ်တဲ့ လွယ်ခေါ်ရွာကြီးကို ပြန်ဆုတ်ရအောင်။ သားမင်းကို ထရပ်ကားပေါ်ရောက်အောင်တင်ပြီး လားရှိုးက အသင့်စောင့်နေတဲ့ ဗိုလ်မှူးစိန်လင်း လက်အပ်လိုက်ရင် တို့ကိစ္စပြီးတာပဲ။ မင်းတို့ကြည့်စီစဉ်ကြကွာ၊ အားလပ်တဲ့နောက်တစ်ခေါက်မှ သားမင်းအမကို ရအောင် ထပ်ကြိုးစားကြသေးတာပေါ့ကွာ၊ ဒီတစ်ခါ စိတ်ချလက်ချ အမဲပစ်မယ်လို့အားခဲထားပြီး ခရီးထွက်ခဲ့တာ သိပ်မနိပ်ပါဘူး ခွန်ပန်ရာ ...၊ ဘယ်မှာအားရအောင် ပစ်ရခတ်ရလို့လဲ၊ ကျားတစ်ကောင်နဲ့ တင်းတိမ်ရမယ်ဆိုရင် ငါ့ရာဇဝင်ရိုင်းသွားတော့မှာပေါ့ကွာ ..."

ဓာတ်ဘူးထဲမှ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့ကာသောက်ရင်း ဗိုလ်ဖေအောင်က ညည်းညည်းညူညူနှင့် ပြောလိုက်ရှာပါသည်။

အခြေခံစခန်းမှ ပြန်ခေါ်သူခေါ်၊ လှောင်အိမ်အသစ်လုပ်သူလုပ်နှင့် ဗိုလ်ဖေအောင်၏အဖွဲ့ဝင်များသည် အေးချမ်းလှသည့်ကာလတွင်ပင် ချွေးတဒီးဒီးကျအောင် ပင်ပန်းနေကြသည်။ ဗိုလ်ဖေအောင်သည် သူပစ်ခတ်ထားသည့်ကျားကြီးကို ဂရုတစိုက်ကြည့်ရှုလေ့လာနေပြန်တော့သည်။

နယ်ခြားဒေသမှ ကျားများသည် မြန်မာပြည်တွင်းက ကျားများကဲ့သို့ အမွေးမတိုဘဲ အမွေးရှည်ကာ ကိုယ်လုံးကိုယ်ပေါက် အနည်းငယ် ဝနေပုံ

mgyoe.com

mgyoe.com

တွေ့ရပေ၏။ ကျားမှာအထီးဖြစ်၍ အရွယ်အားဖြင့် အတော်ကြီးသည့်အပိုင်းသို့ ဆိုက်ရောက်နေကြောင်းတွေ့ရပေ၏။

တပင်တပန်းလုပ်ကိုင်ကြရင်း ကချင်ဘာသာဖြင့်သီဆိုသည့် သီချင်းသံများသည် သာယာနာပျော်ဖွယ်ရာ ထွက်ပေါ်လာကြပြီးသော် တောင်ခိုးများ၊ နှင်းမှုန်များနှင့်ရောနှောကာ မိုးတိမ်လွှာများဆီသို့ ပင့်ကာပျံကာ တက်သွားကြသည်ဟု ထင်မှတ်ရပေတော့သည်။

ထင်းရှူးတောနှင့် မလှမ်းမကမ်းရှိ ချောင်းထဲမှရေစီးသံသဲ့သဲ့သည်ပင်လျှင် ကချင်သီချင်းသံစဉ် စည်းဝါးလိုက်သည့်အသံများအဖြစ် တဝေါဝေါ ပဲ့တင်ထပ်ကာ နယ်ခြားဒေသ၏သာယာလှသည့် တောင်ကုန်းအသွယ်သွယ်နှင့် သဘာဝရှုခင်းကောင်းများကို ဖော်ပြနေသယောင်ပင်ရှိနေပါသည်။

သိန္နီမြို့မှ လားရှိုးမြို့သို့ဆင်းလာသည့် ကားလမ်းကြီးကား ကွေ့ကောက်ကောက်နှင့် ကချင်ရွာ၊ ရှမ်းရွာကလေးများကို မကြာခဏဖြတ်ကာ နက်မှောင်သော ကတ္တရာစေးရောင်များဖြင့် မြစိမ်းရောင်တောတောင်၏ ပတ်ဝန်းကျင်အလယ်တွင် တင့်တယ်လှပနေပါသည်။ ကုန်တင်ကားကြီးများ ဆလွန်းကားများသည် တောင်အဆင်းအတက် ဖြတ်သန်းကာ မောင်းနှင်နေကြသည်။ ကြူကုတ်မြို့အထိပြေးနေ၍ ဖြူးဖြောင့်နေသော ကားလမ်းကြီးသည် ရှမ်းပြည်နယ်၏ အသက်သွေးကြောကြီးတစ်ရပ်သာ ဖြစ်ခဲ့ပေသည်။

ထိုကားလမ်းပေါ်တွင် လားရှိုးမြို့သို့မရောက်ခင် အင်မတန်သာယာ စိုပြည်လှသည့် နမ့်ဟူးမြို့ကလေးကိုလည်း သတိပြုမှတ်သားသင့်ပေသည်။ ရှမ်း၊ ချင်း၊ ကချင်၊ ပလောင်၊ လီရှောစသည့် လူမျိုးစုများနေထိုင်ရာ မြို့ကလေးဖြစ်ပြီး ရောင်းရေးဝယ်တာ စီးပွားရေးလုပ်ငန်းအနေနှင့်လည်း အရေးပါလှပေသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၏ထွက်ကုန် လက်ဖက်ခြောက်၊ ပဲမျိုးစုံ၊ ကြက်သွန်နီ၊ အာလူးစသည့် အဖိုးတန်ကုန်များ၏ဖလှယ်ရာ၊ စုဝေးရာ နမ့်ဟူးမြို့ကလေးအနေနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ကုန်ကားများ နေ့ညမပြတ် မောင်းနှင်ဝင်ထွက် စခန်းချရာ မြို့ကလေးလည်း ဖြစ်ပါသည်။

နမ့်ဟူးမြို့ကလေး၏မြောက်ဘက်အစွန် ကျယ်ပြန့်သောလိမ္မော်ခြံကြီးတစ်ခြံ၏အလယ်တွင်မူကား ခေတ်ဆန်ဆန်ဆောက်လုပ်ထားသည့် နှစ်ထပ်

mgyoe.com

mgyoe.com

တိုက်အိမ်တစ်လုံးကိုလည်း စိမ်းလန်းစိုပြည်လှသည့် လိမ္မော်ပင်များအကြားမှ ဖြတ်ကာ ကားအဝင်အထွက်လမ်းနှစ်လမ်းနှင့် တိုက်၏ဘေးတစ်ဖက်တစ် ချက်တွင် တင်းနစ်ကွတ်တစ်ခုနှင့် ပန်းခြံငယ်တစ်ခုကိုပါ တွေ့မြင်နိုင်ပါသည်။

ဤဂေဟာကား ထိုဒေသ၏အုပ်ချုပ်သူ ဒူးဝါးဇော်လနေထိုင်ရာ ဂေဟာပင်ဖြစ်ပေသည်။ ဒူးဝါးဇော်လကား ငွေကြေးချမ်းသာသော ဒူးဝါး ဇော်ခေါင်၏သားအကြီးဆုံးဖြစ်ခဲ့သလို ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်ဘွဲ့ကို ရယူခဲ့သည့် ခေတ်ပညာတတ် ကချင်အမျိုးသားတစ်ဦး ဖြစ်ပါသည်။

အိမ်အောက်ထပ် ဧည့်ခန်းကျယ်ကြီးထဲတွင် ကပ်လျက်ရှိသည့် မီးလင်းဖိုမှ မီးလုံ့ရင်း အနောက်တိုင်းဆန်ဆန်ဝတ်ထားသည့် ဒူးဝါးဇော်လနှင့် ကောင်းပေ့ညွန့်ပေ့ဆိုသည့် သက္ကလတ်နှင့် တက်ထရက်အထည်များကို ဟန်ပါပါဝတ်ဆင်ထားသူ ရွှေမျက်မှန်ထူထူနှင့် အသက် ၅၀ ခန့်ရှိသည့် တရုတ်လူမျိုး ချာလီချန်းသည်လည်းကောင်း၊ သူတို့နှင့်မနီးမဝေးတွင် အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ဣန္ဒြေရရဖတ်ကာ မီးလှုံရင်း တစ်ချီတစ်ချီ သူမ၊ကပါဝင်ရောက်၍ ဆွေးနွေးပြောဆိုနေသည့် အသက်အစိတ်ခန့် ကိုယ် လုံးကိုယ်ပေါက်ချောချောနှင့် အသားဖြူဖြူ ခေတ်ဆန်ဆန် အမျိုးသမီးတစ်ဦး ကိုလည်းကောင်း ဣန္ဒြေရရဖြင့် မြင်နိုင်ပေသည်။ အသက် သုံးဆယ်ကျော်ခန့် ရှိသူ ဒူးဝါးဇော်လသည် မီးလှုံရင်း ဘီယာတစ်ဖန်ခွက်ကိုစုပ်ကာ တစ်ချီတစ်ချီ အာလူးကျော်ကိုနှိုက်ကာဝါးလိုက်၊ ကြက်သားကြော်ကိုမြှုလိုက်နှင့် ချာလီချန်း နှင့် တစ်စုံတစ်ရာကိစ္စကို ဆွေးနွေးနေပါသည်။

ချာလီချန်းသည် ဆယ့်ရှစ်ကာရက် အိုမီဂါနာရီနှင့် ရွှေကြိုးကြီးပတ် ထားသည့် ညာဘက်လက်ကို အသာပင့်၍မြှောက်ကာ နာရီဒိုင်ခွက်မှ ရက်စွဲ ဂဏန်းကို ငုံ့ကြည့်လိုက်ရင်း ...

“ဘယ့်နှယ်လဲ ဒူးဝါး၊ ဘာလိုလိုနဲ့ ခြောက်ရက်တောင်ကြာသွားပြီ ကလား၊ ဒူးဝါးသူငယ်ချင်း ခရီးများ လွန်နေရှာသလား။ ဒါမှမဟုတ် ဒူးဝါး အခေါ်လွှတ်တာကို သိပ်ဂရုမစိုက်ဘဲနေပြီး လိုက်မလာရှာသလားဗျာ ...”

မျက်ခုံးတစ်ဖက်ကိုပင့်ကာ ဟန်ပါပါနှင့်မေးလိုက်ရင်း သူ၏လက် ခလယ်နှင့် လက်ညှိုးကြားတွင် ညှပ်၍ထားသည့် ပါးလမားစီးကရက်ကို ပြာခါချလိုက်သည်။

mgyoe.com

mgyoe.com


ဒူးဝါးဇော်လသည် လက်ကာပြရင်း ...

"မဟုတ်သေးပါဘူး ချာလီ ...၊ ကျုပ်သူငယ်ချင်းအကြောင်းကို ကျုပ်အသိဆုံးပါ။ ကျုပ်အရေးကြီးလို့ မှာတယ်ဆိုရင် အိပ်ရာထဲကချက်ချင်းထပြီး တန်းလာမယ့်သူပါ။ တစ်ဆိတ်သည်းခံပြီး စောင့်စမ်းပါ ချာလီ။ အဘက်ဘက်က ထူးချွန်တဲ့လူတစ်ယောက်ပါ။ ပြီးတော့ ချာလီတင်ပြတဲ့ ပစ္စည်းရှာဖွေရေးမှာ ဗိုလ်ဖေအောင်က သိပ်ကျွမ်းကျင်တဲ့လူတစ်ယောက် ဖြစ်ရုံမကဘူး။ ရန်ကုန်တက္ကသိုလ်က ဒီဂရီရလာတဲ့လူတစ်ယောက်ပါဗျာ ..."

သူ့သူငယ်ချင်း၏အရည်အချင်းကိုပါ ထည့်သွင်းကာ ဒူးဝါးဇော်လက ဖြေရှင်းတောင်းပန်လိုက်ပါသည်။

"ကျုပ်အနေနဲ့တော့ အခုကိစ္စကို မြန်မြန်တိုင်ပင် မြန်မြန်ဖြစ်စေချင်တာပဲ။ သတင်းအရတော့ အတော့်ကိုခိုင်မာနေတဲ့ကိစ္စဗျာ။ ဒီသတင်းအမှန်ရဖို့ဟာ ကျုပ်အနေနဲ့ လေးငါးထောင်ပစ်ပြီး သတင်းရအောင် လုပ်ယူခဲ့ရတာပဲ ..."

ငွေအားစနစ်ကို နှစ်ခြိုက်သည့်မျက်နှာကြီးနှင့် ချာလီချန်းက ပြောလိုက်ပြီး ...

"ကျုပ်တစ်ယောက်တည်း နှစ်ရှယ်ယာထည့်မယ်၊ ဒူးဝါးနဲ့ဒေါက်တာက တစ်ရှယ်ယာစီထည့်ကြပါ။ ဒူးဝါးသူငယ်ချင်းဆိုတဲ့လူက ရှယ်ယာ ထည့်နိုင်ပါ့မလား။ ငွေကြေးတတ်နိုင်ရဲ့လား။ သူ့အတွက် မထည့်ချင်လည်း နေပါစေ။ သူ့လုပ်အားကြည့်ပြီး အသင့်အတင့်ကြည့်ပြီး အလုပ်ပြီးတဲ့အခါ ပေးလိုက်တာပေါ့ဗျာ ..."

"ဒီမှာ မစ္စတာချာလီ၊ ကျုပ်သူငယ်ချင်းကို သိပ်အထင်မသေးစမ်းပါနဲ့ဗျာ၊ ကျုပ်လိုပဲ ငွေကိုနည်းနည်းမှ မနှမြောတတ်တဲ့လူစားဗျ။ လက်ဖျားငွေသီးနေတဲ့လူ၊ ဒါပေမဲ့ ကျုပ်လိုပဲ၊ သူနဲ့ငွေ ဘယ်တော့မှ အကြာကြီးမနေဘူး။ သူကစပြီး ငွေနဲ့ခွဲပစ်တာချည်းပဲ။ ပြီးတော့ ဒီလူဟာ မစ္စတာချာလီပြောသလို သူ့လုပ်အားကြည့်ပြီး အသင့်အတင့်ပေးလို့ လက်ခံမယ့်သူမဟုတ်ဘူးဗျ။ ခင်ဗျားတွေ့ပါလိမ့်မယ်။ ဘယ်လိုစိတ်ဓာတ်ဆိုတာ၊ အင်မတန်ခေါင်းမာတယ်။ ငွေကြေးကို သူ့အမဲလိုက်သေနတ်လောက် တန်ဖိုးမထားတဲ့လူမျိုး၊ အားကြီး စိတ်လွတ်လပ်တဲ့လူပါ ..."

ဒူးဝါးဇော်လသည် သူ၏ချစ်မိတ်ဆွေ ဗိုလ်ဖေအောင်ကို ထိပါးလာ

mgyoe.com

mgyoe.com


သည့် စကားလုံးများကို ချက်ချင်းချေပတားမြစ်လိုက်ပြီး အိမ်အတွင်းအခန်းဆီသို့လှည့်၍ ...

"ဟော့ ... နန်းနု ..."

လှမ်း၍ခေါ်လိုက်ရာ အသက် ၂၀ ကျော်ခန့် ရုပ်ချောချောအမျိုးသမီးတစ်ဦးသည် ဘီယာနှင့်မြည်းစရာ နောက်ထပ် အသားကြော်များထည့်ထားသည့် ငွေလင်ပန်းကို ကန့်ကလျကိုင်ဆောင်ကာ မီးဖိုခန်းဆီမှ ထွက်လာတော့သည်။

"ကိုယ့်ငွေအိတ် ခဏယူပေးပါကွယ် ..."

ဒူးဝါးဇော်လက သူ၏အိမ်ရှင်မကို ပြောကြားလိုက်ရာ နန်းနုသည် ခေါင်းညိတ်လိုက်ပြီး သူ၏အချစ် ဒူးဝါးဇော်လတို့ ဧည့်ခန်းထဲ စကားပြောဆိုနေရာစားပွဲပေါ်သို့ စားစရာပန်းကန်များ တည်ခင်းကာ ခပ်လှမ်းလှမ်းတွင် ဝတ္တုဖတ်နေသည့် အမျိုးသမီးတစ်ဦးကို ကချင်ဘာသာဖြင့် လှမ်း၍မေးလိုက်သည်တွင် ထိုအမျိုးသမီးက ...

"ကျေးဇူးတင်ပါတယ် နန်းနု ...၊ နန်းရင် မဆာသေးပါဘူး၊ ဆာရင်ပြောမှာပေါ့ကွယ်၊ အားနာရမယ့်အိမ်မှ မဟုတ်ဘဲ ..."

အင်္ဂလိပ်ဘာသာဖြင့် သွက်လက်စွာပြောကြားလိုက်သည်။

မကြာမီ ဒူးဝါးဇော်လ၏ဇနီးက သားရေသေတ္တာကလေးတစ်လုံးကို ထုတ်ယူလာပြီး သူ့လင်တော်မောင်လက်သို့ ပေးအပ်လိုက်ရာ ဒူးဝါးဇော်လသည် ဘီယာဖန်ခွက်ကို စားပွဲပေါ်သို့ချလိုက်ပြီး သားရေသေတ္တာကိုပုတ်၍ ချာလီချန်းသို့ပြရင်း ...။

"ကဲ ... ကျုပ်နဲ့ ကျုပ်သူငယ်ချင်း ဗိုလ်ဖေအောင်အတွက် ရှယ်ယာဘယ်လောက်ထည့်ရမလဲ ဆိုစမ်း၊ မစ္စတာချန်း ခင်ဗျားကစပြီး ရှယ်ယာအစုအတွက် ပြောပေတော့။ ဟောဒီသေတ္တာထဲမှာ ငွေစက္ကူချည်း တစ်သိန်းရှိနေတယ် ..."

ချာလီချန်းက ရယ်မောရင်း လက်နှစ်ဖက်ကိုကာ၍ပြရင်း ...

"ဒီလောက်လည်း အရင်မလိုသေးပါဘူး ဒူးဝါးရယ်၊ ငွေကြေးကိစ္စအတွက် ကျုပ်ပြောဆိုနေတာ မဟုတ်ပါဘူး။ လုပ်အားကိစ္စအတွက်ပါ။ ကျုပ်နဲ့ဒူးဝါးတို့အဖို့မှာ ငွေစကားပြောစရာမလိုပါဘူးဗျာ။ တစ်ယောက်နဲ့

mgyoe.com

mgyoe.com


တစ်ယောက် ငွေထက် အဆပေါင်းများစွာတန်တဲ့ အဖိုးထိုက်တဲ့ အင်မတန် အရေးကြီးတဲ့ လုပ်ငန်းကြီးတွေ လုပ်ခဲ့ကြတာကိုး ...”

သူတို့ယောကျ်ားနှစ်ဦး စကားပြောဆိုနေစဉ် နန်းရင်သည် သူမ၏ အခန်းသို့သွားရောက်ကာ ငွေတစ်ထုပ်ကို ပလတ်စတစ်ဆွဲအိတ်တွင်ထည့် ကာ ခပ်သုတ်သုတ်ပြန်ထွက်လာရင်း ...

“မစ္စတာချန်း၊ ဟောဒါက နန်းရင်ရှယ်ယာအတွက်ဖြစ်ပါတယ် ...”

ခပ်တင်းတင်းချပေးလိုက်ရာ ချာလီချန်းသည် ကျိုးနွံတောင်းပန်သော မျက်နှာနှင့် နန်းရင်ဘက်သို့လှည့်၍ ...

“တောင်းပန်ပါရစေ၊ ဒေါက်တာနန်းရင် ခုတင်ကျုပ်က ပြောမိတာ က ရည်ရွယ်ချက်ပဏာမပဲ ရှိပါသေးတယ်။ တကယ်ငွေကြေးထည့်ကြဖို့ ဆုံးဖြတ်ချက်အထိတောင် မရောက်သေးပါဘူး။ ရောက်တဲ့အခါလည်း ထည့် စရာရှိတဲ့ငွေကို ကျုပ်တာဝန်ယူပါတယ်။ ဒေါက်တာရယ် ...”

“ဘယ်ဖြစ်မလဲ မစ္စတာချန်း၊ ကျွန်မတို့ မောင်နှမဟာ လုပ်ငန်းမှာ ကိုယ်တိုင်ပါဝင်သလို ငွေကြေးနဲ့ပတ်သက်လာရင်လည်း ကိုယ့်တာဝန် ကိုယ် ယူရမှ စိတ်ချမ်းသာတယ်။ ရော့မစ္စတာချန်း သိမ်းထား၊ ဟောဒီငွေဟာ နှစ်သောင်းငါးထောင်ပါတယ် ...”

စားပွဲပေါ်သို့ပစ်တင်ပေးလိုက်ပြီး သူမ၏အစ်ကို ဒူးဝါးဇော်လ၏ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ပြန်ပါသည်။

ဒူးဝါးဇော်လကလည်း တစ်ချက်ရယ်မောရင်း ...

“ဟုတ်တယ်လေ မစ္စတာချန်းရဲ့၊ ကျုပ်တို့မောင်နှမ ငွေကြေး ခါတိုင်း လောက်မရှိဘူးဆိုပေမဲ့ ဒီငွေကြေး ပစ်ရှုံးနိုင်ပါသေးတယ်။ ဒါပေမဲ့ မစ္စတာ ချန်းလောက်တော့ ကျိကျိတက် မချမ်းသာဘူးပေါ့လေ ...”

ရယ်ရယ်မောမောနှင့် ပြောကြားလိုက်ရာ ချာလီချန်းသည် သူ၏ နဖူးမောက်မောက်ကြီးကို လက်ကိုင်ပဝါတစ်ထည်နှင့် ပွတ်သပ်လိုက် ရင်း သူဆင်လိုသည့်ကျားကွက် မဝင်မှန်းသိရသောကြောင့် အခြေအနေကို ပြန် လည်ထိန်းသိမ်းသည့်အနေဖြင့် တစ်ပတ်ပစ်၍ လျှော့ချလိုက်ရပေ၏။ ချာလီ ချန်း၏မူလရည်ရွယ်ချက်မှာ သူတို့ရည်ရွယ်ထားသည့် ရတနာသိုက်ရှာဖွေ ရေးတွင် သူကပင် ငွေကြေးအကုန်အကျခံကာရှာဖွေပြီး တွေ့ရှိသည့်အခါ

mgyoe.com

mgyoe.com


တွင် သူတစ်ဦးတည်းကသာ ရှယ်ယာအများဆုံးပုဂ္ဂိုလ်အဖြစ် အကျိုးအမြတ်မှန်သမျှ တရားဥပဒေဘောင်မှနေ၍ အပိုင်စီးရန် ရည်ရွယ်ချက်ပင်ဖြစ်သည်။

ဒူးဝါးဇော်လ၏နှမ ဒေါက်တာနန်းရင်သည် ဆေးတက္ကသိုလ်မှ ဆင်းခဲ့ပြီး အစိုးရဆေးရုံတွင် တစ်နှစ်ကျော်မျှလုပ်ကိုင်ခဲ့ပြီး အနားယူလိုသည့်သဘောဖြင့် သူမအစ်ကိုရှိရာ နမ့်ဟူးဒေသသို့ ခွင့်သုံးလယူကာ လာရောက်၍အပန်းဖြေနေခြင်းဖြစ်ပါသည်။ မောင်နှမနှစ်ယောက်စလုံး ခေတ်ပညာတတ်များဖြစ်ကြပြီး ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူများဖြစ်ကြ၍ ပွင့်ပွင့်လင်းလင်း ပြောဆိုနေထိုင်သူများ ဖြစ်ပေသည်။

မကြာမီ သူတို့လိမ္မော်ခြံကြီးထဲသို့ ကားတစ်စင်း အရှိန်ပြင်းပြင်းနှင့် တရကြမ်းမောင်းနှင်ဝင်ရောက်လာသံကို အိမ်သူအိမ်သားအားလုံး ကြားလိုက်ရပေ၏။ တစ်နာရီတွင် မိုင်လေးဆယ်ကျော်နှုန်းလောက်ဖြင့် မောင်းနှင်ဝင်ရောက်လာသည်ဟု ထင်ပါသည်။

အစိမ်းရင့်ရောင် လင့်ရိုဘာကားတစ်စီးကို ချာလီချန်ဒူးနှင့် ဒူးဝါးဇော်လတို့က လှမ်းမြင်လိုက်ရသည်တွင် ...

"ဟော ... ဗိုလ်ဖေအောင်တောင် လာပြီ။ သူ့ကားမှ အစစ်ပါဗျာ။ ကား အရေးတကြီးမောင်းလာပုံဖြင့် ကျုပ်မှာကြားချက်ကို သိပ်စိတ်စောပြီး တစ်ခုခုအကြောင်းရှိပြီဆိုတဲ့သဘောနဲ့ ဒုန်းမောင်းလာပုံပဲဗျို့ ..."

လင့်ရိုဘာကားသည် မြေနီလမ်းအတိုင်း တိုက်ဆီသို့ဦးတည်၍ တက်လိုက်ရာ လမ်းအကွေ့သစ်ပင်ဘေးတွင် ကပ်၍ကစားနေကြသည့် ဒူးဝါးဇော်လ၏ခြံစောင့်အလုပ်သမားတစ်ဦး၏ ကလေးတစ်ယောက်က လမ်းဘေးတွင်အသာရပ်ကာ ကားဖြတ်အကျော်ကို စောင့်နေရမည့်အစား တစ်ဖက်ကားလမ်းဆီသို့ ရုတ်တရက်ဖြတ်၍ပြေးကူးလိုက်ပါသည်။ လင့်ရိုဘာကားသည် သူ့ရှေ့တည့်တည့်တွင် ဖြတ်ပြေးလိုက်သည့် ကလေးနှင့် တန်းလန်းကြီးဖြစ်နေအောင် အရှိန်နှင့်တက်လာရာ ကလေး၏ဘေးအန္တရာယ်ကို မြင်တွေ့လိုက်ပုံရပါသည်။

"အမယ်လေး ... ဘုရားသခင် ကယ်တော်မူပါ ..."

ဒေါက်တာနန်းရင်က ကလေး၏ရှောင်တခင်ကျရောက်မည့်အန္တရာယ်ဆိုးကို ကြိုတင်တွက်ဆမိသဖြင့် အလန့်တကြား အော်ဟစ်လိုက်သလို

mgyoe.com

mgyoe.com


ဒူးဝါးဇော်လနှင့် ချာလီချန်းတို့ကမူ ...

"ဟာ ... ဒုက္ခပါပဲ၊ ကြည့်စမ်း ... ကြည့်စမ်း ..." နှင့် ပါးစပ်နှစ်ပေါက်မှခုန်ပေါက်၍ စိတ်တွင်းခံစားမှုတွေကို သရုပ်ဖော်လိုက်တော့သည်။

လင့်ရိဘာသည် စက္ကန့်ပိုင်းအတွင်း၌ကား စတီယာရင်ကို ညာဘက်သို့ တအားကုန်ဆွဲကာတည့်၍ ကားရှေ့ခြောက်ပေအကွာမှ ဖြတ်ပြေးနေသည့် ကလေးနှင့် နှစ်ပေခန့်ပွတ်ကာရှောင်လိုက်ရင်း တစ်ဖက်လမ်းထိပ် တောင်ကုန်းစောင်းပေါ်သို့ တအားပင့်ကာ စောင်းတက်သွားရင်း နောင်ချက်ချင်းပင် ကားခေါင်းသည် ဆင်ခြေလျှောဖြစ်နေသည့် တောင်ကုန်း၏တောင်ဘက်မှ လျှောချကာ ကားလမ်းပေါ်သို့ရောက်အောင် မောင်းနှင်လိုက်ကြောင်း တွေ့ရပေ၏။

"ဟေး ... တော်ပါပေတယ်ကွာ၊ သိပ်မိုက်တဲ့ကလေးပဲ။ အသာရပ်နေရင် ကိစ္စပြီးတဲ့ဥစ္စာကွာ ..."

သက်ပြင်းချသံကြီးဖြင့် ဒူးဝါးဇော်လက အရေးတကြီးအပြစ်တင်လိုက်သံကြားရ၏။ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အင်မတန်နုနယ် ငယ်ရွယ်၍ အပြစ်မဲ့သော ကလေးငယ်တစ်ယောက် သူ့မရှေ့တွင် မရှုမလှ သွေးထွက်သံယိုဖြစ်ရှာမည့် ရှုခင်းကို မကြည့်ရက်နိုင်ရှာသည့် ဒေါက်တာနန်းရင်သည် သူ့မ၏မျက်လုံးကို ဖြူဖွေးသည့်လက်ချောင်းများဖြင့် ဖုံးကွယ်ထားရာမှ အရဲစွန့်၍ကြည့်လိုက်သည်တွင် ...

လမ်းဘေးတွင် သူပြေးလာသည့်အရှိန်နှင့် မှောက်လျက်လဲပြီး ကြောက်လန့်စိတ်ဖြင့် ငိုယိုနေသောကလေးနှင့် တောင်ကုန်းပေါ်မှ ဟန်ရပန်ရပြန်ဆင်းလာသည့် လင့်ရိဘာကားကို တွေ့လိုက်ရပေ၏။

"တောက် ... ကားမောင်းတဲ့လူ သိပ်တော်ပါလားဟေ့။ အနီးကျမှ ကပ်ပြီးရှောင်လိုက်ပြီး တောင်ကုန်းပေါ် တအားပစ်တက်သွားအောင် စတီယာရင်ကို ထိန်းနိုင်တဲ့အခြေအနေဟာ သိပ်မလွယ်ဘူးဒူးဝါး ..."

ပြတင်းပေါက်မှရပ်လျက် အံ့သြသွားသည့်မျက်လုံးကြီးများဖြင့် လင့်ရိဘာကားမောင်းသူကို ချီးမွမ်းလိုက်သည့် ချာလီချန်း၏အသံကြီးမှာလည်း ကျယ်လောင်လှပေ၏။

လမ်းပေါ်သို့ လင့်ရိဘာကားပြန်ဆင်းလာပြီး စက်ကိုခေတ္တရပ်ကာ

mgyoe.com

ကားရှေ့ပိုင်းမှ ဖြုန်းခနဲတံခါးဖွင့်သံနှင့်အတူ လွှားခနဲခုန်ထွက်လာသော ယောကျ်ားတစ်ယောက်၏ လျှင်မြန်လှသည့်သဏ္ဍာန်တစ်ရပ်ကို အိမ်သားအားလုံးက ရုတ်တရက်မြင်လိုက်ရသည်။

ထိုခုန်ထွက်လာသူသည် အပြာနုရောင်သက္ကလတ်စပို့ရှပ်တစ်ထည်ကို ဝတ်လျက် ခါးအောက်တွင် အညိုရောင်သက္ကလတ်ဘောင်းဘီရှည်ကိုဝတ်ကာ ဒူးဆစ်အထိရှည်လျားသော အနက်ရောင်တောစီးသားရေဖိနပ်ရှည်ကို စီးနင်းထားသည့် ကာယဗလအလွန်တောင့်တင်းခိုင်မာသလောက် သူ၏ အရပ်အမောင်းနှင့်ကိုက်ညီသည့် ကိုယ်လုံးကိုယ်ပေါက်ရှိသည့် အသက်သုံးဆယ်ခန့်အရွယ်ရှိ ယောကျ်ားတစ်ယောက်ပင်ဖြစ်ပါ၏။

သူ၏ခါးတွင် သားရေခါးပတ်ပြားကြီးတစ်ခုက ပတ်ထားလျက် ညာဘက်ပေါင်တွင် သားရေအိတ်နှင့်ထည့်ကာ ချိတ်ဆွဲထားသည့် ခြောက်လုံးပြူးကြီးတစ်လက်နှင့် ခါးဘယ်ဘက်တွင် သားရေအိတ်နှင့်စွပ်ကာ ချိတ်ဆွဲထားသည့် ဆယ်လက်မခန့်အသွားရှည်သည့် အမဲလိုက်ဓားမြှောင် တစ်လက်ကို တွေ့လိုက်ရပေ၏။ ထိုသူ၏လှုပ်ရှားမှုဟန်အမူအရာမှာ အင်မတန်သဘာဝကျသလို လျှင်မြန်ဖျတ်လတ်လှပေ၏။

* * *

## ထိုလေးဦး

ဇွေ့ခနဲကြွက်သားအမြှောင်းလိုက်ထနေသော လက်မောင်းကြီးနှစ်ဖက်ကိုဆန့်တန်းကာ လမ်းဘေးတွင်လဲနေသော ကလေးငယ်ကို ချိုင်းနှစ်ဖက်မှ လှမ်းကာဆွဲကိုင်၍ထူလိုက်ပြီး ကလေး၏ခေါင်းကို တစ်ချက် ပွတ်သပ်အားပေးကာ ပြုံးရယ်ချော့မော့နေသည့်မျက်နှာကြီးဖြင့် ယုယစွာပိုက်ထွေးလျက် ကလေးငယ်နှင့်အတူ ကားရှေ့ပိုင်းသို့ လှည့်ဝင်ခဲ့ပြန်ပါသည်။

"အဲ့ဒါ ကျုပ်အချစ်ဆုံး၊ အားအကိုးရဆုံး သူငယ်ချင်း ဗိုလ်ဖေအောင်ပါပဲ မစ္စတာချန်း ...။ သူကိုယ်တိုင်ကားမောင်းလာပုံက ခုလိုခပ်ကြမ်းကြမ်းသွားလာလှုပ်ရှားမှု ကြိုက်တတ်သလို၊ ခပ်ကြမ်းကြမ်း အဝတ်အစားတွေကို အမြဲတမ်းဝတ်ဆင်လေ့ရှိတယ် ..."

ဒူးဝါးဇော်လက သူ၏ရောင်းရင်းဗိုလ်ဖေအောင်၏လှုပ်ရှားမှုကို အားရ

mgyoe.com

ပါးရကြည့်လိုက်ရင်း မစ္စတာချန်းသို့ နိဒါန်းပျိုးလိုက်သည်တွင် ချာလီချန်းသည် အင်မတန်သဘောကျနေသည့်မျက်နှာကြီးဖြင့် ...

"ဒီလူ လုပ်ပုံကိုင်ပုံ သိပ်သွက်လက်တယ်။ ကားမောင်းပုံကလည်း အမြဲသတိရှိတဲ့ပုံကွ ဒူးဝါး ...။ ကျုပ်တောင် ခင်ဗျားမိတ်ဆွေကို မြင်တာနဲ့ သဘောကျနေပြီဗျို့ ..."

"အစ်ကို့သူငယ်ချင်း ကလေးကို သိပ်ချစ်တတ်ပုံရတယ်။ သူ့ကလေးတွေကို သိပ်ဂရုစိုက်မှာပါ၊ သူ့ရုပ်နဲ့သူ့စတိုင်ကတော့ သိပ်စမတ်ကျတယ်။ အမဲပစ်ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသားတစ်ယောက်လိုပဲ ... အစ်ကို ..."

ဒေါက်တာနန်းရင်က ခေါင်းလေးကိုညိတ်ရင်း သူ၏ထင်မြင်ချက်ကို ဖွင့်ဟလိုက်ရာ ဒူးဝါးဇော်လသည် တိုက်တံခါးမကြီးဆီသို့ ထွက်ခဲ့ရင်း ...

"ဒူးဝါးဖေအောင်က လူပျိုတစ်ယောက်ကွယ့်။ ကလေးတွေကို သိပ်ချစ်တတ်တာ ကျောင်းကတည်းကပဲ။ အမြဲတမ်း ဝိတ်မတယ်။ အမြဲတမ်း ကျန်းမာရေးကစားတယ်။ သေနတ်ပစ်တယ်။ စာဖတ်တယ်။ ဒါသူ့ရဲ့ စွဲမြဲတဲ့ ဝါသနာတွေပဲ။ နန်းရင် လာဟေ့ ...။ တို့အားလုံးထွက်ပြီး နှုတ်ဆက်ကြိုဆိုရအောင် ..."

ခေါင်ငင်ကာ ခပ်သုတ်သုတ် တံခါးဝဆီသို့ တစုတဝေးကြီးထွက်လာခဲ့သည်။ လင့်ရိုဘာသည် တိုက်ရှေ့ဆင်ဝင်အောက်သို့ ကျွိကနဲနေအောင် ဘရိတ်အုပ်၍ထိုးရပ်လိုက်ပြီး ကားရှေ့ပိုင်းမှ ကလေးငယ်ကို ပွေ့ချီကာ ဗိုလ်ဖေအောင်ဆင်းလာပြီး ...

"မောနင်းဇော်လ၊ မောနင်း အဲဗရီးဘားဒီ ..."

စသည်ဖြင့် ယဉ်ကျေးစွာဦးညွှတ်၍ နှုတ်ဆက်လိုက်ရာပါသည်။ ဒူးဝါးဇော်လသည် မစ္စတာချန်းနှင့် ဒေါက်တာနန်းရင်တို့ကလည်း ချက်ချင်းပင် ရင်းရင်းနှီးနှီး ပြန်၍နှုတ်ဆက်လိုက်ကြသည်တွင် ...

"ဘယ်လိုလဲကွ ဇော်လ၊ ငါမင်းအတွက် အရေးတကြီးနဲ့ လွယ်ကောင်ကပြန်ဆုတ်ခဲ့ရတယ်။ ငါရည်ရွယ်ထားတဲ့ သားမင်းတစ်စုံဖမ်းဖို့အရေးမှာ အထီးတစ်ကောင်နဲ့ ကျားတစ်ကောင်ရခဲ့တယ်။ မင်းစာရောက်လာတော့ သားမင်းအမကိုဖမ်းဖို့ လက်လွှတ်ပြီး နောက်ကြောင်းပြန်လှည့်ခဲ့ရတယ် သူငယ်ချင်း။ ကိုင်း ဘာဖြစ်နေသလဲ ပြောစမ်းသူငယ်ချင်း"

mgyoe.com

mgyoe.com


ရင်းရင်းနှီးနှီး ဖော်လ၏ပခုံးနှစ်ဖက်ကို အားရပါးရ ညာဘက်လက်ဖြင့် လှုပ်လှုပ်ကာ မေးလိုက်သည်တွင် ဒူးဝါးဖော်လ ပြုံးရယ်လိုက်ရင်း ...

"ဖြည်းဖြည်းပေါ့ကွာ ဖေအောင်၊ ဪ ... မင်းကို မိတ်ဆက်ပေးရဦးမယ် ဟောဒီကလူတွေနဲ့"

ပြောပြောဆိုဆိုနှင့် ဗိုလ်ဖေအောင်ကို ဆွဲခေါ်လာရင်း

"ဟောဒါက မစ္စတာ ချန်းလီချန်း၊ ချန်းနှင့် ညီအစ်ကိုများလီမိတက် မန်နေဂျင်းဒါရိုက်တာ၊ သူ့နေရပ်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းစုံလို့ပေါ့ကွာ၊ ကျိုင်းတုံမှာ သူ့အိမ်ရှိတယ်။ တောင်ကြီးနဲ့ ပြင်ဦးလွင်မှာ သူ့ကုမ္ပဏီနဲ့ ခြံကြီးတွေရှိတယ်"

ချန်း၏ ဂုဏ်ပုဒ်ဝိသေသများကို ဖော်ထုတ်ကာ ဒူးဝါးဖော်လက ဗိုလ်ဖေအောင်ကို မိတ်ဆက်ပေးခြင်းဖြစ်သည်။

အကြီးအကျယ် သဘောကျသွားသော ရွှေသွားအပြည့်မျက်နှာပြကြီးနှင့် ချာလီချန်းသည် တဟဲဟဲနှင့် ပီတိဖြစ်နေတော့သည်။

"ဟောဒီပုဂ္ဂိုလ်ကတော့ နာမည်ကျော်တော်လှန်ရေးတပ်မှူးဟောင်း မှဆိုးကြီးနဲ့ သတ္တုတွင်းဘက်ဆိုင်ရာ အင်ဂျင်နီယာ ဗိုလ်ကြီးဖေအောင် ဖြစ်ပါတယ် မစ္စတာချန်း"

တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြုကြရန် မိတ်ဆက်ပေးလိုက်သည်တွင် ဗိုလ်ဖေအောင်သည် ချာလီချန်းဟူသော အမည်ကိုကြားကတည်းက ချာလီချန်း၏ ရှုပ်ရှုပ်ထွေးထွေး စီးပွားရေးလုပ်ငန်းများနှင့် ဘိန်းဆေးခြောက်၊ လက်နက်၊ ရွှေချောင်းသွင်းခြင်းစသည့် ရှမ်းပြည်နယ်ရှိ မျက်နှာကြီးတရုတ်လူမျိုးတို့၏ အဋ္ဌာရသ ပညာရပ်များနှင့်တကွ ဗမာ့စီးပွားရေးမှန်သမျှကို မတရားသောနည်းပေါင်းစုံဖြင့် သူ၏လက်ခုပ်တွင်းသို့ ကျရောက်အောင် ပြုလုပ်နေသည်။ ဗမာမ၊ ရှမ်းမ၊ တရုတ်မ၊ ကချင်မများစွာကို မယားအဖြစ်ယူထားသည်။ ရှမ်းပြည်ပဒေသရာဇ်စော်ဘွားကြီးတစ်ဦးကဲ့သို့ ဂုဏ်သတင်းကြီးမားထက်မြက်လှသည့် ချာလီချန်းကို တော်လှန်ရေးသမားတစ်ယောက်၏ အမြင်မျိုးဖြင့်ကြည့်ကာ စိတ်ထဲ၌ မှတ်မှတ်ရရ အသိအမှတ်ပြုထားနှင့်ပြီးသား ဖြစ်ပါသည်။

"နာမည်ကျော်တဲ့ မစ္စတာချန်းလို ပုဂ္ဂိုလ်ကြီးမျိုးနဲ့တွေ့ရတာ မိတ်ဆွေ

mgyoe.com

mgyoe.com


ဖြစ်ရတာကို ကျွန်တော် အင်မတန်မှ ဂုဏ်ယူမိပါတယ်ခင်ဗျာ"

ဗိုလ်ဖေအောင်သည် လှောင်သလို အတည်လိုလို စကားမှန်မျိုး အဓိပ္ပာယ်ကောက်ယူစေသည့် အသုံးအနှုန်းမျိုးဖြင့် ချာလီချန်း၏ ညာဘက်လက်ကို အားရပါးရ ဆုပ်ကိုင်ဖော့ယမ်းကာ မိတ်ဆွေအဖြစ် ကြေညာလိုက်ပါသည်။

ချာလီချန်းအဖို့၌လည်း သူ၏ ညာဘက်လက်ချောင်းများကိုလည်း ရတ်တရက်ပြုတ်တူကြီးနှင့် ဖိညှပ်ခြင်းခံလိုက်ရသလို အင်မတန်သန်မာလှသော ဗိုလ်ဖေအောင်၏လက်ချောင်းများနှင့် ဆုပ်ကိုင်ခံရသည့်အတွက် မျက်နှာပျက်မသွားစေရန် မနည်းအောင့်အည်းကာ ဟန်လုပ်၍ ရယ်မောရင်း ဗိုလ်ဖေအောင်၏ ခွန်အားသန်စွမ်းမှုကို ကောင်းကောင်းကြီးအသိအမှတ်ပြုထားလိုက်ပါသည်။

ဒူးဝါးဇော်လက ဒေါက်တာနန်းရင်ဘက်သို့ လှည့်၍ ...

"ဟောဒီအမျိုးသမီးက နန်းရင်တဲ့ငါ့ရဲ့ တစ်ဦးတည်းသော နှမပဲ မင်းတို့ ငါတို့ကျောင်းနေစဉ်က နန်းရင်ဟာ အထက်တန်းကျောင်းမှာ ပညာသင်နေခဲ့တာကို ငါခဏခဏပြောဖူးတယ်။ ငါနဲ့စိတ်တူသဘောတူတဲ့ နှမဖြစ်တယ်"

မိတ်ဆက်ပေးလိုက်ရာ ဗိုလ်ဖေအောင်သည် ...

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာနန်းရင်။ ခု ဘယ်ဆေးရုံမှာ တာဝန်ကျပါသလဲ"

"ကျွန်မလား ဒူးဝါးဖေအောင်၊ မန္တလေးဆေးရုံမှာလုပ်ရင်း ရာသီဥတုပြင်းတာနဲ့ ခွင့်တစ်ပတ်ယူပြီး ကိုယ့်ရပ်ရွာကို ပြန်လာခဲ့တယ်။ ကျွန်မနဲ့ ပတ်သက်တဲ့ အကူအညီမှန်သမျှပေးဖို့ဆိုရင် အဆင်သင့်ပါပဲ ဒူးဝါးဖေအောင်၊ နာမည်သိပ်ကြီးပြီး ခုမှလူချင်းဆုံမိတော့တယ်"

လိုက်လိုက်လှဲလှဲ နှုတ်ဆက်လိုက်သည်။

"ဟော့ ဇော်လ ... တို့ရဲဘော်တစ်ယောက်ဖြစ်တဲ့ မင်းမိန်းမ မမြင်ပါလား၊ ဘယ်သွားနေသလဲ၊ နန်းအောင်အတွက် မှတ်မှတ်ရရ နယ်ခြားက အင်မတန် ရှားရှားပါးပါးပေါက်တဲ့ သစ်ခွပန်းတစ်မျိုးယူလာခဲ့တယ် သူ့ကို ငါပေးမယ်လို့ ကတိထားတဲ့အတိုင်း ငါနဲ့တစ်ပါတည်းယူလာခဲ့တယ် ဇော်လ"

mgyoe.com

mgyoe.com


ကလေးကို ဘယ်လက်မှပွေ့ချီထားရင်း ဗိုလ်ဇေအောင်က ဇော်လ၏ဇနီးကို မမြင်၍ မေးလိုက်ပြီး ...

"ခု မင်းမကြောက်တော့ဘူးမဟုတ်လား ကလေး၊ နောက်ကားလာရင် မရပ်နဲ့ မပြေးနဲ့ နားလည်လား"

ကချင်ဘာသာဖြင့် ဗိုလ်ဇေအောင် ကလေးကိုချော့မြှူကာ ပညာပေး စကားပြောလိုက်ပြီး သူ့အိတ်ထဲမှ ချောကလက်ပြားတစ်ပြားကို ကလေး၏ လက်တွင်းသို့ ထည့်ပေးလိုက်ပြီး သမံတလင်းပေါ်သို့ ညင်သာစွာချပေးလိုက် ပါသည်။

"ဘယ့်နှယ် ဗမာကြီး ကချင်စကားတွေ မွှတ်နေအောင် ပြောတတ်နေ ပါပကော"

ဒေါက်တာနန်းရင်က ဝမ်းမြောက်ဝမ်းသာ ကချင်ဘာသာနှင့်လှမ်း၍ မေးလိုက်ရာ ဗိုလ်ဇေအောင်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကျုပ်နဲ့ကချင်လူမျိုးနဲ့ ဘာထူးတော့သလဲ။ ဒေါက်တာကအစ ကချင် စကားကိုပြောတတ်ပြီး ကျွန်တော့်အနေနဲ့ ကချင်တစ်ယောက်မဖြစ်နိုင်ဘူး လား၊ ပြောစမ်းပါဦး ဒေါက်တာ"

ရယ်မောရင်း ပြန်၍ မေးခွန်းထုတ်လိုက်သည်။

ထိုအတွင်း၌ အတွင်းခန်းဆီမှ လက်ဖက်ရည်ပန်းကန်များ စားစရာ များ အသင့်ကိုင်ကာ နောက်ပါကချင်အမျိုးသမီးနှစ်ဦးနှင့် ထွက်လာသည့် နန်းအောင်ကို ဒူးဝါးဇော်လကလှည့်၍ ...

"ဟော့ မင်းမိန်းမကို ပေးနေတယ်၊ နန်းအောင်အတွက် မှာလိုက်တဲ့ သစ်ခွပန်းမျိုး ဇေအောင်ယူလာခဲ့တယ်"

ဗိုလ်ဇေအောင်သည် ကားပေါ်သို့လှည့်၍ အမိန့်ပေးလိုက်ရာ သူ့ တပည့်နှစ်ယောက်က သစ်ခွပန်းတစ်ပင်နှင့် ကျားရေကြီးကို သွက်လက်စွာ ယူငင်၍ ဒူးဝါးဇော်လရှေ့မှောက်သို့ ပေးအပ်လိုက်သည်။

"ကိုင်း ကျွန်တော်မှာတဲ့ ကတိတည်ကြည်တဲ့သဘောနဲ့ ဒေါ်နန်းအောင် ကျွန်တော့်အမှတ်တရပစ္စည်းကို လက်ခံပါခင်ဗျာ"

ဗိုလ်ဇေအောင်က ဇော်လ၏မိန်းမလက်တွင်းသို့ အမှတ်တရပစ္စည်း ပေးလိုက်သည်တွင် နန်းအောင်သည် ဆွေ့ဆွေ့ခုန်နေအောင် ဝမ်းသာနေရှာ

mgyoe.com

mgyoe.com


သလို ဇော်လအနေနှင့်လည်း ကြီးမားလှသည့် ကျားရေကြီးကိုကြည့်ကာ လိုချင်လွန်းအားကြီးသည့် မျက်လုံးများဖြင့် ...

"သိပ်လှတဲ့အကောင်ပဲ ဖေအောင်ရေ၊ နယ်စပ်က ကျားကိုရဖို့ သိပ်ခဲယဉ်းတယ်။ ငါနယ်စပ်က သူငယ်ချင်း ကချင်ဒူးဝါးတွေဆီမှာတောင် သွားမှာဖူးတယ်။ အဲဒီလိုကောင်မျိုး တစ်ကောင်မှမရခဲ့ပါဘူးကွာ၊ တို့တောင်ရိုးက ကျားတွေထက် အမွေးရှည်ပြီး အရောင်စိုတယ်"

ဗိုလ်ဖေအောင်က ဇော်လလက်တွင်းသို့ ကျားရေကြီးကို ပေးအပ်လိုက်ရင်း နှစ်ယောက်သား လက်ချင်းဆွဲကာ နှုတ်ဆက်လိုက်ပြီး ဇော်လ၏နှမ ဒေါက်တာနန်းရင်နှင့် ဇော်လမိန်းမ နန်းအောင်တို့ကိုပါ တစ်ဆက်တည်း လက်ဆွဲနှုတ်ဆက်လိုက်ကြပြန်သည်။

ထို့နောက် ဗိုလ်ဖေအောင်က စားစရာတွေဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ဇော်လရေ ငါ့ရဲ့ရဲဘော်တွေကို ဗိုက်တောင့်သွားအောင် အစားအသောက် တစ်ခုခုအဝ ကျွေးစမ်းကွာ။ နယ်စပ်စခန်းမှာ သားမင်းကိုရှာရင်း ငါ အတော်ပင်ပန်းနေတဲ့အထဲမှာ မင်းဆီ အရေးတကြီးပြန်လာဖို့ စာရရချင်း ငါတန်းပြီး ပြန်လာခဲ့ရလို့ သိပ်ပင်ပန်းနေတယ်။ ဝဝလင်လင် တစ်ခုခု စားပါရစေကွာ"

ပွင့်ပွင့်လင်းလင်း တောင်းဆိုလိုက်ရာ ဒူးဝါးဇော်လသည် ...

"အေး ငါလည်း အထင်သားပဲ၊ ဒါကြောင့် ကြိုတင်ပြီး ခေါက်ဆွဲကြော်တွေ ကြော်ထားခဲ့တယ်။ မင်းစားချင်တာ အကုန်ရစေမယ် ဖေအောင်"

သူ၏ ချစ်ရဲဘာက်ကိုနှစ်သိမ့်ကာ ဧည့်ခန်းထမင်းစားဝိုင်းကြီးဆီသို့ ခေါ်ဆောင်ကာ နေရာချပေးလိုက်တော့၏။

မိနစ်ပိုင်းအတွင်း ခေါက်ဆွဲကြော်ပန်းကန်များကို ဗိုလ်ဖေအောင်၏ ရဲဘော်များဆီသို့လည်းကောင်း၊ ဗိုလ်ဖေအောင်နှင့် ဒူးဝါးဇော်လတို့ ထိုင်နေရာ စားပွဲကြီးပေါ်သို့လည်းကောင်း ရောက်ရှိလာသည်တွင် ဟန်လုပ်လိုသော စိတ်ဆန္ဒလုံးဝမရှိသည့် ဗိုလ်ဖေအောင်သည် ခက်ရင်းနှင့်ဇွန်းကိုကိုင်ကာ စကားပြောရင်း အားရပါးရ တစ်ပန်းကန်ပြီး တစ်ပန်းကန်စားလိုက်၊ လက်ဖက်ရည်ကြမ်းကို သောက်လိုက်နှင့် သူ၏ဆာလောင်မွတ်သိပ်မှုကို ဖြည့်စွမ်း

mgyoe.com

mgyoe.com

နေပါတော့သည်။

ငါ့ကွာ ဒီကောင်တစ်ခုခုဖြစ်နေပြီဆိုပြီး ဘယ်စခန်းမှ ဘယ်ရွာမှတစ်ခါမနားဘဲ နေ့ရောညရော မင်းဆီကို အရောက်မောင်းလာခဲ့ရတယ်။ သားမင်းကိုတော့ လားရှိုးမှာစောင့်နေတဲ့ ဗိုလ်မှူးစိန်လင်းလက်ကို ငါ့ရဲဘော်တွေလွှတ်ပြီး အပ်ခဲ့ပြီးပြီ၊ ဆိုစမ်းပါဦး မင်းငါ့ကို အရေးတကြီး လိုက်ခေါ်တဲ့ကိစ္စက ဥစ္စာသိုက်တစ်ခုတည်းပဲလား ဇော်လ၊ ဒီကိစ္စ ဘယ်လောက်အရေးကြီးလို့လဲကွာ၊ ငါ့အထင်က မင်းနယ်မှာ သောင်းကျန်းနေတဲ့အကောင်တွေဝင်ပြီး ခြေရှုပ်နေတယ်လို့ ထင်မိတယ်"

စားသောက်ရင်း ဗိုလ်ဖေအောင်က ဇော်လ၏အတိုချုပ်၍ ပြောပြချက်ကို ဖြေကြားလိုက်သည်။

"မင်းအနေနဲ့ သိပ်အရေးမကြီးပေမဲ့လို့ ငါ့အနေနဲ့တော့ သိပ်အရေးကြီးတယ် ဖေအောင်၊ ချုန်းနဲ့ငါနဲ့ဟာ ဟိုအရင်တုန်းကတောင် အရေးကြီးတဲ့စီးပွားရေးလုပ်ငန်းတွေ လုပ်ခဲ့ဖူးတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်းကျေးဇူးမကင်းခဲ့ကြပါဘူးကွာ။ ပြီးတော့ ဥစ္စာသိုက်ရှာဖို့ကိစ္စမှာ မင်းဟာအဓိကဖြစ်နေတယ်"

"စွန့်စွန့်စားစားလုပ်ရမှာမို့ အဲဒီနယ်စပ်က လူဆိုးဂိုဏ်းတွေ၊ သားရဲတိရစ္ဆာန်တွေအန္တရာယ်နဲ့ မြေပြင်တစ်လျှောက်မှာတွေ့ရမယ့် သတ္တုအမျိုးအစား မြေလွှာအကြောင်းတွေကို တို့အထဲမှာ မင်းတစ်ယောက်သာ တတ်သိတဲ့ပညာရပ်ကို ရထားတဲ့သူမို့ မင်းကို ငါအရေးတကြီး လိုက်ခေါ်ရတယ်ကွာ"

ဒူးဝါးဇော်လက ရှင်းလင်းပြောပြလိုက်သည်တွင် ...

"မင်းအတွက် မလွှဲမရှောင်သာအောင် အရေးကြီးရင် ငါ မတတ်သာ မရှောင်သာလို့ ဒီအလုပ်ကို လုပ်ချင်လုပ်ရတော့မယ်။ အမှန်ကတော့ အဲဒီနေရာမျိုးကို သွားရလာရမှာ သိပ်မလွယ်ဘူး။ နယ်စပ်နဲ့သိပ်နီးနေတော့အန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာ သေချာတယ်။ ပြီးတော့ ငါကိုယ်တိုင်က ရွှေတို့ငွေတို့ကို တန်ဖိုးမထားတဲ့ လူတစ်ယောက်ဆိုတာ မင်းးအသိပါဇော်လရာ။ မင်းကို စိတ်ပျက်သွားအောင် ငါတမင်လာကြံဖန်ပြီး ပြောတာမျိုးမဟုတ်ဘူးနော်။ ခုလိုဆောင်းရာသီဆိုရင် အဲဒီဒေသတွေမှာ အမြဲတမ်း နှင်းခဲပြီးတစ်ရွာနဲ့တစ်ရွာ အဆက်ပြတ်နေတယ်။ ပြီးတော့ တရုတ်နီဘက်က

mgyoe.com

mgyee.com


ကင်းတွေ ဘာတွေနဲ့ နယ်စပ်မှာတိုးမိရင် တို့တစ်တွေကို တရုတ်ဖြူတွေထင်ပြီး ပစ်ကြခတ်ကြနဲ့ကွာ။ မင်းလည်း အသိသားပဲ တောတောင်သိပ်ထူထပ်ပြီး ဆင်အုပ်တွေ၊ ကျားတွေ၊ နွားတွေ၊ ကျွဲတွေ သိပ်ပေါတဲ့နေရာကွ၊ ဆန်တို့ဆီတို့ဆိုရင် ကိုယ်သယ်နိုင်ရင်စားရမယ်၊ ရပ်ရွာကိုအားကိုးလို့မဖြစ်တဲ့ နေရာမျိုးတွေဖော်လ၊ ဒါဟာ ငါသိသလောက် မှတ်မိသလောက် လက်လှမ်းမီသလောက် ရောက်ခဲ့သလောက်နေရာတွေကို ပြောပြနေတာ"

ဒူးဝါးဖော်လသည် နောက်ဆုံး မဖြစ်မနေသဘောမျိုးဖြင့် ...

"သူငယ်ချင်း ဖေအောင် မင်းကိုငါ နောက်ဆုံးတောင်းပန်ပါရစေကွာ၊ တို့အလုပ်ကိစ္စအတွက် ငါက ချန်းကို စကားလွန်ပြီး ကတိပေးပြီးသားမို့ ငါ့မျက်နှာနဲ့ဂုဏ်သရေကို မင်း ငဲ့ညှာသောအားဖြင့် ဒီအချိုဖြင့် မင်း မငြင်းဆန်ဖို့ ငါတောင်းပန်ပါရစေကွယ်၊ ပြီးတော့ မင်းမို့လို့ ငါဖွင့်ပြောရဦးမယ်၊ တို့အတွင်းရေးကိစ္စ အကြောင်းပြုပြီးပေါ့။ တို့အဖေလက်ထက်က တို့မှာ စီးပွားဥစ္စာမပြည့်စုံခဲ့တာကို ချာလီချန်းက ကူညီထောက်ပံ့ပေးခဲ့လို့ ခုလို ငါနဲ့ငါ့နှမ နန်းရင် ပညာသင်နိုင်တဲ့အထိ အခြေအနေရှိလာခဲ့တာမို့ ငါ့အနေနဲ့ တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ဆိုသလို"

"တော်ပြီ ဖော်လ၊ ဒီလောက်ဆိုရင် ငါနားလည်ပါပြီကွာ၊ ကိုင်း မင်းမျက်နှာတစ်ခုကိုကြည့်ပြီး မင်းတိုက်တွန်းတဲ့ အလုပ်ကို ငါလက်ခံလိုက်ပါပြီကွာ၊ ဒါပေမဲ့ လွယ်လွယ်ကူကူတော့ မဟုတ်ဘူးဟေ့၊ ပြောလိုက်ရဦးမယ် ချာလီချန်းရဲ့ အတွင်းရေးလုပ်ငန်းတွေကို သိသင့်သလောက် သိရောပေါ့ကွာ၊ အားကြီးလည်တယ်၊ အားကြီးကြောက်စရာကောင်းတဲ့ လူစား၊ စီးပွားရေးခေါင်းပုံဖြတ်သမား စစ်စစ်ပဲ၊ အဲဒီတော့ မင်းတိုက်တွန်းတဲ့ လုပ်ငန်းမို့လို့ ပိုင်မှနိုင်မှ အုပ်ပြီးချိုပြီးမှ ကောင်းမယ်နော်"

လေသံဖြင့် ကပ်၍ ဗိုလ်ဖေအောင် သတိပေးလိုက်ရာ ဒူးဝါးဖော်လသည် ကျေနပ်စွာခေါင်းညိတ်လိုက်ပြီး ...

"ဒီကောင်အကြောင်း ငါသိလွန်းလို့ ခက်နေတာပေါ့ကွာ၊ သူ့ကိုဝိုင်းပြီး တုပ်ကြချည်ကြဖို့ကိစ္စမှာ မင်းနဲ့ နန်းရင်ပါဝိုင်းပြီး စီစဉ်ရအောင်။ သူ့ပြောပုံဆိုပုံကတော့ တို့တစ်တွေရှာရမယ့် ဥစ္စာသိုက်ဟာ ခေတ်တန်ဖိုးနဲ့ဆိုရင် တန်ဖိုးကိုဖြတ်မရနိုင်ဘူးတဲ့။ အဲဒီလျှိုင်ခမ်း ကချင်တောင်တန်းကြီး ရောက်ခဲ့

mgyee.com

mgyoe.com


နိုင်ရင် ရတနာဒီပတောင်ကို လှမ်းမြင်နိုင်တယ်ဆိုပဲ။ အဲဒီ ရတနာဒီပတောင်မှာ ရွှေကစပြီး စိန်ရောကျောက်သံပတ္တမြားရောဟာ တင်းနဲ့ချင်ယူလို့ မကုန်ဘူးဆိုပဲ၊ လွှိုင်ခမ်းက ချင်းတောင်ခြေရောက်ရင် ရွှေစရွှေနတွေကို စတင်ပြီး တွေ့နိုင်သတဲ့ သူငယ်ချင်း"

ချာလီချုန်းဆီမှတစ်ဆင့် သိရသလောက် ရတနာသိုက်အခြေအနေကို ဒူးဝါးဇော်လက အားရပါးရ ပြောပြလိုက်သည်တွင် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်နေသည့် ဗိုလ်ဖေအောင်က များစွာ အရေးမကြီးသော အမူအရာဖြင့် ...

"တကယ်ဆိုတဲ့စာပါကလား။ ဒါနဲ့များကွာ၊ အစိုးရက ဘာဖြစ်လို့ ဒီပစ္စည်းတွေ မသိမ်းပိုက်ကြတာလဲ မသိဘူး"

မေးခွန်းထုတ်ကာ မေးလိုက်ရာ ဒူးဝါးဇော်လသည် ခေါင်းကိုယမ်း၍...

"ရတနာဒီပတောင် အကြောင်းကို အင်မတန်လူသိနည်းတယ်ကွ၊ ခု ချုန်းရလာတဲ့သတင်းဟာ အဲဒီဒေသတစ်ဝိုက်မှာ ကတိုးနဲ့ ဆေးဝါးပင်တွေကို လိုက်ရှာပြီး အသက်မွေးနေတဲ့ ချုန်းရဲ့ လက်သပ်မွေးထားတဲ့ လူယုံတော်တစ်ဦးက သတင်းအစနဲ့ လမ်းပန်းခရီးအခြေအနေ အတိအကျ ရရှိခဲ့လို့ တို့တစ်တွေ တစ်ဆင့်ပြန်ပြီးသိခွင့်ရတာ ဖေအောင်"

ပြန်လည်ဖြေကြားလိုက်ပြီး ...

"ကိုင်း ... ချာလီချုန်းနဲ့ လုပ်ငန်းစဉ်အရ ကျကျနနဆွေးနွေးကြဖို့ မင်းဘယ်လိုစီစဉ်ချင်သလဲ၊ မင်းကြိုက်တဲ့အချိန်ကို ပြောပေတော့ သူငယ်ချင်း"

ဗိုလ်ဖေအောင်သည် သူ၏လက်ပတ်နာရီကို ငုံ့၍ကြည့်လိုက်ပြီး ...

"ငါ ခဏအနားယူလိုက်ဦးမယ်ကွာ၊ သိပ်မကြာပါဘူး၊ သုံးနာရီလောက် တစ်ရေးအိပ်ပြီးရင် ဆွေးနွေးကြရအောင်၊ ခုအခြေအနေတော့ ငါ ခရီးသိပ်ပန်းပြီး တစ်စက်မှ မမှေးခဲ့ရတာမို့ ခေါင်းထဲမှာ ဝေနေပြီ၊ ဘာအကြံဉာဏ်မှ ထွက်မလာနိုင်တော့လို့ကွာ"

အကြောင်းပြချက်ခိုင်မာစွာဖြင့် တောင်းပန်လိုက်ရာ ဒူးဝါးဇော်လက ကျေနပ်စွာဖြင့် သဘောတူလိုက်ပါတော့သည်။

ဗိုလ်ဖေအောင်၏ရဲဘော်များနှင့် ပစ္စည်းများကို ဒူးဝါးဇော်လ၏ တပည့်များက သူတို့အတွက် ဗိုလ်ဖေအောင်နှင့် သီးသန့်ဆောက်လုပ်ထား

mgyoe.com

mgyoe.com


သည့်တိုက်ခန်းများတွင် နေရာချပေးလိုက်သလို ဗိုလ်ဖေအောင်အတွက် သီးသန့်အခန်းတစ်ခန်းကို တိုက်အပေါ်ထပ်တွင် နေရာချပေးလိုက်ကြပါသည်။

ကမ္ဘောဇ၏ ဆောင်းကာလ (သို့မဟုတ်) လေတဟူးဟူးတိုက်ခတ်နေသလို အေး၍ ပြင်းထန်စွာတိုက်ခတ်သော မြောက်လေနောက်ဝယ် နှင်းလွှာတွေက တစ်ဟုန်တည်းဟီးလေးခိုကာ လိုက်ပါနေတော့သည်။ ခြံတွင်းမှ လိမ္မော်ပင်များ၏ ကိုင်းတန်းဝယ် နှင်းရည်တွေက တစ်စက်တစ်စက်ယိုစီးကာ မှုန်ဝါးဝါးလရောင်အောက်ဝယ် ငွေချည်မျှင်တန်းနေသကဲ့သို့ လှပတင့်တယ်ကြပါတော့၏။

နမ့်ဟူးဈေးတစ်ဝိုက်ဆီမှ နွားဝန်တင်များ၏ ခလောက်သံသဲ့သဲ့နှင့် တစ်ချီတစ်ချီ ဝေါခနဲ စက်ကုန်မောင်းနှင်သွားလာနေကြသည့် ကုန်တင်ကားကြီးများ၏ စက်သံသဲ့သဲ့သည်ပင်လျှင် အေးမြသာယာလှသော ကမ္ဘောဇ၏ ညဦးယံကာလကို ထိပါးရိုက်ခတ်နေသကဲ့သို့ပင်။

တိုက်အောက်ထပ် အတွင်းကျကျ အခန်းကြီးဝယ် လေးဦးသားအရေးတကြီး တိုင်ပင်ဆွေးနွေးနေကြကြောင်းကို ပတ်ဝန်းကျင်တစ်ဝိုက်မှ မည်သူမျှ သိရန် ကြားရန် မလွယ်လှချေ။ တိုက်တံခါးကိုပိတ်ကာ အပြင်မှ ဒူးဝါးဇော်လ၏ လူယုံတော် သက်တော်စောင့်နှစ်ယောက်က ကုလားထိုင်တစ်လုံးစီထိုင်ကာ ကြပ်မတ်စောင့်ရှောက်ထားသောကြောင့် ဖြစ်သည်။

"ကျုပ်တို့ လေးဦးစလုံး ကုန်ကျစရိတ်အတွက် အစုရှယ်ယာ လေးစုအပြင် မစ္စတာချန်းက နောက်ထပ် အပိုတစ်စုထည့်တဲ့ ကိစ္စကို ခပ်စောစောကတည်းက ပွင့်ပွင့်လင်းလင်း နားလည်ထားကြမှ ကောင်းမယ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ထည့်တယ်ဆိုတာ တစ်ဆိတ်မစ္စတာချန်းက ရှင်းပြဖို့တောင်းပန်ပါတယ်"

ဗိုလ်ဖေအောင်က စာရွက်တစ်ရွက်ပေါ်တွင် ရေးမှတ်လိုက်ရင်း မေးမြန်းလိုက်ရာ ...

"ကျွန်တော့်ရှယ်ယာအပြင် နောက်ထပ်တစ်ခုထည့်တာက ကျွန်တော်တို့ကြိုးစားတဲ့အလုပ် အောင်မြင်တဲ့အခါမှာ ကျွန်တော့်ရှယ်ယာနှစ်စုအတွက် အမြတ်အစွန်းနှစ်ဆရဖို့ မဟုတ်ပါဘူး။ ဒီလိုမရည်ရွယ်ပါဘူး၊ ဗိုလ်ဖေအောင် လုပ်ရကိုင်ရမယ့် လုပ်ငန်းစဉ်အတွက် မြန်မြန်အောင်မြင်ဖို့အရေးမှာ ငွေများ

mgyoe.com

mgyoe.com


များ အရန်သင့်ရှိထားဖို့ တစ်ချက်လည်းပါတယ်ဆိုတာ အထူးပြောဖို့ မလိုဘူးထင်ပါတယ်၊ ဒါကြောင့်ပါခင်ဗျား၊ ဘယ်လောက်အမြတ်အစွန်းပဲရရ ကျွန်တော် တစ်ခုတည်းအတွက် အမြတ်ရှယ်ယာရယူဖို့ပဲ ရဲရဲကြီးကတိပေးလိုက်ပါရစေ"

"ကောင်းပြီ မစ္စတာချန်း၊ ကျုပ်တို့လေးဦးပါဝင်တဲ့အဖွဲ့မှ ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ တာဝန်တွေ ခွဲဝေယူကြဖို့ လိုပါတယ်။ ကြိုတင်ပြီးပြောရဦးမယ်၊ ဒေါက်တာ နန်းရင်အတွက်ပါပဲ။ အခု သွားရမယ့်လမ်းဟာ မပြန်လမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊ သိပ်အန္တရာယ်များပြားတယ်၊ ကျုပ်အနေနဲ့တော့ ဒေါက်တာနန်းရင်ကို မလိုက်စေချင်ဘူး မိန်းမသားတစ်ယောက်ဖြစ်ခဲ့လို့"

ခပ်တင်းတင်းမျက်နှာဖြင့် ဗိုလ်ဖေအောင်က သတိပေးပြောကြားလိုက်ရာ ဒေါက်တာနန်းရင်သည် သူမ၏ ချွန်ထက်နေသောရင်ကိုကော့၍ ရပ်လိုက်ရင်း ...

"တွေ့သမျှ အန္တရာယ်နဲ့ ဒုက္ခတွေကို နန်းစဉ်းစားပြီးပါပြီ။ အဲဒီအန္တရာယ်နဲ့ဒုက္ခတွေကို နန်းရင်က ဒူးဝါးဖေအောင်တို့နဲ့အတူ မညည်းမညူ တမ်း ရင်ဆိုင်မယ်။ မတော်တဆဖြစ်ခဲ့ရင် နန်းရင် ဘယ်သူ့မှအပြစ်မတင်ဘူး။ ဒီနေ့မနက် ဒူးဝါးဖေအောင်က နန်းအောင်ကိုပေးလိုက်တဲ့ သစ်ခွပန်းတွေ နန်းရင်လိုချင်တယ်။ သစ်ခွပန်းတွေအကြောင်း စာအုပ်တစ်အုပ်ရေးဖို့ စီစဉ်ထားတဲ့အချက်ကလည်း ရှိပါတယ်။ ဒါကြောင့် နန်းရင်လိုက်မယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ။ အဖွဲ့ဝင်တွေအတွက် ဆေးဝါးကိရိယာတွေကို နန်းရင် သပ်သပ်တာဝန်ယူပါရစေ"

ခပ်ဝဲဝဲအသံလေးဖြင့် ဒေါက်တာနန်းရင်က ခွင့်တောင်းလိုက်ရာ မစ္စတာချန်းက "လမ်းခရီးမှာ ဆေးဝါးကုသရေးအတွက် ဒေါက်တာနန်းရင် ပါမှကောင်းပါတယ်" ... ဟု ထောက်ခံလိုက်ပြန်ပါသည်။

"ကောင်းပြီ၊ ဒူးဝါးဇော်လ,က ဘယ်လိုတာဝန်ယူမှာလဲ"

ဗိုလ်ဖေအောင်ကို မေးလိုက်ရာ ...

"ကျုပ်အနေနဲ့ ဘဏ္ဍာသိုက်ခရီးလမ်းက လူမျိုးပေါင်းစုံကို အကူအညီရအောင် ခေါ်ဆောင်ပေးမယ်။ သယ်ယူပို့ဆောင်ရေးကိစ္စတွေအတွက်

mgyoe.com

mgyoe.com


အထမ်းသမားတွေရအောင် စီစဉ်ပေးမယ်။ ဆိုင်ရာပြောစရာရှိတဲ့ ကိစ္စတွေကို ကျုပ်တာဝန်ယူတယ်"

"ဟုတ်ပြီ၊ မစ္စတာချန်းက ဘယ်လိုတာဝန်ယူမလဲ"

ဗိုလ်ဖေအောင်က မေးလိုက်ပြန်သည်တွင် ဝဝတုတ်တုတ် ဗိုက်ကြီးကို ရှေ့သို့ထုတ်၍ ...

"အရေးကြီးဆုံးက ပိုက်ဆံမဟုတ်လား၊ ဒီကိစ္စအောင်မြင်ရေးအတွက် ကျုပ်မှာရှိတဲ့ငွေတွေ ကုန်ချင်သလောက်ကုန်ပါစေ၊ နိုင်ငံခြားက ငွေရင်းငွေနှီးလည်း ရနိုင်သေးတယ်။ ကျုပ်ကို ခိုင်းချင်တဲ့ဘက်က ခိုင်းပါ။ ထမင်းကောင်းကောင်းချက်မယ်။ အရက်ကောင်းကောင်း ပေးနိုင်တယ်" စသည်ဖြင့် သူဆောင်ရွက်ပေးနိုင်စွမ်းရှိသည့် အချက်အလက်များကို အကြောင်းပြု၍ ဝန်ခံလိုက်သည်။

"ကြိုက်ပြီ၊ ကျုပ်အလှည့်ပဲ ကျန်တော့တယ်၊ ကျုပ်အနေနဲ့ ကျုပ်တို့အဖွဲ့ရဲ့ လုံခြုံရေးနဲ့ ခရီးလမ်းပန်းအတွက် အသွားအပြန်မှာ စောင့်ရှောက်ကိုက်ခိုက်ရေးတွေကို တိတိကျကျ တာဝန်ယူမယ်"

ဗိုလ်ဖေအောင်က ကြေညာလိုက်ပြီး ဒူးဝါးဇော်လကို ပြောကြား လိုက်ရာ ဇော်လသည် ...

"ကျုပ်တို့လေးဦးက စိတ်တူသဘောတူဖြစ်ကြပြီ။ ဒီတော့ ကျုပ်တို့အဖွဲ့မှာ ခေါင်းဆောင်တစ်ဦးကို အများသဘောတူ တင်မြှောက်ဖို့ အရေးကြီးတယ်။ တစ်ယောက်ယောက် ရွေးချယ်ကြပါ" အကြံပေးလိုက်ရာ မစ္စတာချန်းကပင် လျင်မြန်စွာဖြင့်

"ဗိုလ်ဖေအောင်က အားကြီးအမြော်အမြင်ကြီးတယ်၊ သတ္တိရှိတယ်၊ သူ လုပ်ပုံကိုင်ပုံကို ဒီနေ့မနက်ကတည်းက ကျုပ်မြင်ခဲ့ရလို့ သဘောကျမိခဲ့တယ်။ အဲဒါကြောင့် ဗိုလ်ဖေအောင်ကို ကျုပ်တို့ အဖွဲ့ခေါင်းဆောင်အဖြစ် တင်မြှောက်ဖို့ အဆိုတင်သွင်းတယ်"

"ကျွန်မ ထောက်ခံပါတယ်"

ဒေါက်တာနန်းရင်က ပြောလိုက်သလို ဒူးဝါးဇော်လကလည်း ...

"ကျုပ်ကလည်း သိပ်သဘောကျတယ်" စသည်ဖြင့် အများသဘောတူ ဗိုလ်ဖေအောင်ကို ဘဏ္ဍာသိုက်ရှာဖွေရေးအတွက် အဖွဲ့ခေါင်းဆောင်တင်

mgyoe.com

mgyoe.com
မြွောက်လိုက်ကြသည်။

ဗိုလ်ဖေအောင် ထိုင်ရာမှထ၍ ...

"ကိုင်း ... ကျုပ်တို့ ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်ရဲ့ ပေးအပ်တဲ့အတိုင်း ကျုပ်အနေနဲ့ ကျုပ်ကြံစည်ထားတဲ့ လုပ်ငန်းစဉ်အတွက် အရေးအကြီးဆုံး အချက်တစ်ချက်မေးပါရစေ၊ ဒီကိစ္စဟာ ကျုပ်တို့ လေးယောက်အတွက် အရေးအကြီးဆုံးမို့ မဖြစ်ဖြစ်အောင် မရရအောင် ဆောင်ရွက်စေလိုတယ်" နိဒါန်းပျိုးလိုက်ရာ မစ္စတာချန်းက ချက်ချင်းပင် ...

"ဘာလဲ ဗိုလ်ဖေအောင် လက်နက်လား၊ အသံလွှင့်စက်လား ..."

ပျာပျာသလဲ မေးလိုက်ရာ ဒူးဝါးဇော်လကလည်း ...

"စစ်တပ် အကူအညီလား လေယာဉ်ပျံနဲ့ ကင်းစောင့်ဖို့လား ..." မေးလိုက်ပြန်သည်။

ဗိုလ်ဖေအောင်သည် ညင်သာစွာ ခေါင်းခါပြလိုက်ပြီး ...

"ခင်ဗျားတို့ပြောတာ တစ်ခုမှမဟုတ်ဘူးဗျ။ ကျုပ်အင်မတန်အရေးကြီးဆုံးထားတာကတော့ သစ္စာကတိတည်ကြည်မှုပဲ၊ ကျုပ်တို့အထဲက တစ်ယောက်ယောက် သစ္စာဖောက်ရင် ကျန်တဲ့လူတွေအားလုံး ဒုက္ခဖြစ်မယ်၊ ဒါကြောင့် ဘင်္ဂလာသိုက်ကို အသွားအပြန်ခရီးနဲ့ ရွှေငွေရတနာတွေ ရတဲ့အခါဖြစ်စေ၊ မရသည့်အခါဖြစ်စေ၊ စိတ်ဝမ်းမကွဲပြားပါဘူး၊ သစ္စာမဖောက်ပါဘူး၊ သစ္စာဖောက်ခဲ့ရင် ကျန်အဖွဲ့ရဲ့ဆုံးဖြတ်ချက်နဲ့ ပေးအပ်တဲ့ဒဏ်ကိုခံပါ့မယ် ဆိုတဲ့ကတိရော လက်မှတ်ရော ကျုပ်ခုချက်ချင်းလိုတယ်။ ကျုပ်ကစပြီး ဒီစည်းကမ်းကို လက်မှတ်ထိုးမယ်"

ပြောင်ပြောင်တင်းတင်း ကြေညာလိုက်ရာ မစ္စတာချန်းအဖို့ အကြီးအကျယ် မျက်လုံးပြူးကာ အံ့အားသင့်သွားသလို ဒူးဝါးဇော်လက ရှေ့ဆုံးမှနေ၍ ဗိုလ်ဖေအောင်ရေးဆွဲထားသည့် သစ္စာကတိတည်ကြည်မှု စာချုပ်အောက်ဝယ် သူ၏လက်မှတ်ကို ရေးထိုးရန်လက်လှမ်းလိုက်ရာ ဗိုလ်ဖေအောင်က လက်ကာပြရင်း သူ၏လက်မှတ်ကို ထိပ်ဆုံးက ဦးဆောင်ထိုးလိုက်ပြီး ဒူးဝါးဇော်လဘက်သို့ လှည့်ပေးလိုက်၏။

ထို့နောက် ဒေါက်တာနန်းရင်က ခပ်သုတ်သုတ် လက်မှတ်ထိုးလိုက်၏။ ထို့နောက် ဆိုင်းငံ့ငံ့ဖြစ်နေသော မစ္စတာချန်းက သက်ပြင်းတစ်ချက်
mgyoe.com

mg


ချကာ လက်မှတ်ရေးထိုးပြန်သည်။ စုစုပေါင်း ငါးစောင်တိတိ လက်မှတ်ရေးထိုးလိုက်ကြပြီး ကိုယ်ပိုင်တစ်စောင်စီ ပြန်ယူ၍ ကျန်တစ်စောင်ကို လားရှိုးမြို့ ခရိုင်လုံခြုံရေးရုံးတွင် သက်သေစာချုပ်အနေနှင့်တင်ရန် ဗိုလ်ဖေအောင်က တာဝန်ယူလိုက်သည်။

ထို့နောက် ဗိုလ်ဖေအောင်သည် မစ္စတာချန်းဆီမှ ဘဏ္ဍာသိုက်ခရီးစဉ်နှင့် ပတ်သက်၍ မြေပုံကို ရှေးဦးစွာ တောင်းလိုက်သည်။ မစ္စတာချန်းသည် သူ၏လက်ဆွဲအိတ်ကြီးကို ဆွဲယူကာ ဂရုတစိုက်ဖွင့်လိုက်ပြီး သူ၏ ရှေ့မှ မှတ်တမ်းစာအုပ်ကြီးအတွင်းမှ မြေပုံတစ်ချပ်ကို တရိုတသေထုတ်ယူ၍ ဗိုလ်ဖေအောင်လက်သို့ ပေးအပ်လိုက်၏။

"အားလုံးစုပြီး လေ့လာရအောင်"

ဗိုလ်ဖေအောင်က ခေါ်လိုက်သဖြင့် လေးဦးစလုံး မျက်နှာစုံညီနှင့် တစ်ပေခွဲခန့် စတုရန်းကျကျရေးဆွဲထားသည့် မြေပုံကြီးဆီသို့ စုပြုံ၍ ကြည့်ရှုလိုက်ကြသည်။ မြေပုံအထက်ပိုင်း သို့မဟုတ် မြောက်ပိုင်း ထိုမှ မြေပုံအောက်ပိုင်းတွင် တောတောင်ထူထပ်ပြီး လျှိုမြောင်များ၊ ချောင်းကြီး ချောင်းငယ်များဖြင့် ပြည့်နှက်နေကြောင်း တွေ့ရပေ၏။

"ဟောဒီနေရာဟာ လွိုင်ခမ်းကျင်တောင်တန်းကြီးပဲ။ ကျုပ်တို့ ရတနာတွေ အများဆုံးတွေ့ရမယ့်နေရာ။ ရတနာဒီပတောင်ဟာ တစ်နေရာရာမှာရှိရမယ်။ ကျုပ်ရဲ့ ဘိုးစဉ်ဘောင်ဆက်ကလည်း ဒီမြေပုံအတိုင်း မှာကြားချက်တွေရှိသလို အဲဒီ ကွန်လုံနယ်တစ်ဝိုက်နဲ့ ဟိုပုံးတစ်ဝိုက်က ရှေးမှီတဲ့လူကြီးတွေကလည်း ရတနာဒီပတောင်အကြောင်းကို ခဏခဏပြောလေ့ရှိတယ်"

ဗိုလ်ဖေအောင်သည် မြေပုံခပ်ဟောင်းဟောင်းကြီးကို တစ်ကွက်ပြီးတစ်ကွက် စူးရှသော မျက်လုံးကြီးများနှင့် လေ့လာလိုက်ပြီး ...

"မေးစရာရှိတာတွေ မေးရလိမ့်မယ် မစ္စတာချန်း၊ အဲဒီ လွိုင်ခမ်းကျင်တောင်တန်းနားက တခြားတောင်တန်းတွေ ရှိမရှိ သိချင်တယ်။ နောက်တစ်ချက်က ကျုပ်တို့ချီတက်မယ့်နေရာဟာ အခြားတိုင်းပြည်တစ်ပြည်ရဲ့ နယ်နိမိတ်အကြောင်းမှာ ပါနေရင်တော့ ကျုပ်တို့ ကူးဝံ့မကူးဝံ့စဉ်းစားရမယ်"

အကဲခတ်သည့်မျက်နှာဖြင့် ဗိုလ်ဖေအောင်က မေးလိုက်ရာ ...

မစ္စတာချန်းသည် အကြီးအကျယ် မျက်နှာပျက်သွားကာ ဖြူဖပ်ဖြူရော်

mgyoe.com

mgyoe.com

အသွင်ဖြင့်

“ဟုတ်တယ်၊ ဒါလည်း စဉ်းစားစရာပဲ ဗိုလ်ဖေအောင်”

ညည်းတွားလိုက်ရင်း ...

“ဗိုလ်ဖေအောင်ပဲ ဖြစ်သလို စဉ်းစားပြီးလုပ်ပါလေ၊ ဒီရတနာသိုက်ကိုတွေ့ရရင် ကျုပ်ကျေနပ်ပါပြီဗျာ” လေသံပျော့ပျော့နှင့် တောင်းပန်လိုက်သည်။

“ဒီကိစ္စထားလိုက်ဦး၊ မစ္စတာချန်း၊ အဲဒီအကြောင်းတွေ ကောင်းကောင်းသိကျွမ်းတဲ့ ခင်ဗျားလက်ဆွဲတပည့်ရင်း တစ်ယောက်ယောက်မပါဘူးလား၊ ကျုပ်မေးချင်တဲ့ အချက်အလက်ကလေးတွေ မေးရအောင်လို့”

လှမ်း၍ အခွင့်အလမ်းတောင်းလိုက်ရာ မစ္စတာချန်းသည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

“ရပါစေမယ် ဗိုလ်ဖေအောင်၊ ကျုပ်တပည့် ရှမ်းအဘိုးကြီးတစ်ယောက်ကို အဆင်သင့်ခေါ်လာလို့တော်သေးတာပေါ့ဗျာ”

ပြောလိုက်ပြီး အခန်းအပြင်ဘက်သို့ ချက်ချင်းထွက်သွား၏။

ဒူးဝါးဇော်လက ဗိုလ်ဖေအောင်၏မျက်နှာကို ပြုံး၍ကြည့်လိုက်ပြီး

“ပိုင်လှချေလား ဗိုလ်ဖေအောင်၊ ချန်းကို တုပ်ပြီးချည်ပြီးဖြစ်အောင် လုပ်ရက်လိုက်တာရယ်၊ ချန်းဟာ တစ်ဖက်က အရေးပါတဲ့လူ ဟုတ်မဟုတ်ဆိုတာရယ်၊ မင်းအကယ်၍ ရန်သူများနဲ့ တိုက်ခိုက်ရရင်ဆိုတဲ့ စကားလုံးနဲ့ လှည့်ခြောက်လိုက်တာရယ် သိပ်ပိရိတယ်ကွာ”

ချီးကျူးလိုက်သည်တွင် ဗိုလ်ဖေအောင်က လေးနက်စွာ စဉ်းစားနေရာက ...

“မင်းတို့ မောင်နှမနှစ်ယောက် သိပ်သတိထားရမယ်နော်။ ချန်းကိုကြည့်ရတာ ငါတော့ သိပ်မသင်္ကာချင်ဘူး။ အားကြီး ပရိယာယ်များတယ်။ မြေပုံထဲမှာ ရှိသင့်ရှိထိုက်တာတွေ ထည့်သွင်းထည့်ထိုက်တဲ့ တောင်တွေ ရွာတွေကိုမထည့်ဘဲ ထည့်မြှုပ်ထားပစ်ခဲ့တာ သူကမှားတာပေါ့။ တို့တစ်တွေ လမ်းပန်းမသိရအောင် ဆုတ်လမ်းတက်လမ်းမမှတ်မိအောင် လုပ်မလို့ကွ၊ တို့ကိုစားမယ့် ကျားကွက်ဆင်ထားတာ၊ ဒီတောင်တန်းတစ်ဝိုက်ကို ငါဗမာ့ကာကွယ်ရေးတပ်မတော်တုန်းက စစ်တံခွန်လွှင့်ရင်း တပ်ခွဲနှစ်ခွဲနဲ့ခြောက်လ

mgyoe.com

ကြာအောင် လှည့်ခဲ့ဖူးပါတယ်။ သိသင့်သလောက်လည်း သိထားခဲ့လို့ တော်သေးတယ်။ အသာနေကြ၊ ငါက လုံးဝမရောက်ဖူးတဲ့ လူတစ်ယောက်ဟန်ဆောင်ပြီး တစ်ခုစီတစ်ခုစီ အစ်ထုတ်မယ်။ ဒါမှ သူတို့ရည်ရွယ်ချက်နဲ့ အတွင်းသဘောကို စဉ်းစားလို့ရမယ် ဇော်လရေ ... တို့နဲ့ လုပ်မယ့်လူတွေကို အင်မတန် အဘက်ဘက်က ယုံကြည်စိတ်ချရတဲ့ လူတွေရွေးထုတ်ရမယ်။ တို့နဲ့ပတ်သက်လာရင် ငွေကိုပုံပေးပေး မင်းတို့ငါတို့လို ဘယ်သောအခါမှ သစ္စာမဖောက်မယ့်လူစားတွေ ပြီးတော့ ဒုက္ခဘယ်လောက်ရောက်ရောက် တို့နဲ့မကွာ အတူအသေခံရဲမယ့်လူမျိုးကို ရွေးထုတ်ပြီးတော့ ချန်းလက်အောက်ကလူတွေ ဘယ်သူဘယ်ဝါတွေပါတယ်ဆိုတာ မင်းတို့မောင်နှမက တာဝန်ယူပြီးစုံစမ်းထား သိပ်အရေးကြီးတယ်"

"ကောင်းပြီ ဖေအောင် ငါရိပ်မိပြီဟော့၊ ငါ့ကို ပေးအပ်တဲ့တာဝန်ကို ငါကျေပွန်စေ့မယ်"

ဒူးဝါးဇော်လက ဝန်ခံလိုက်သလို ဒေါက်တာနန်းရင်ကလည်း ...

"နန်းရင်ကိုလည်း တာဝန်ပေးပါ၊ ကျေပွန်အောင် လုပ်ဆောင်ပါ့မယ်"

ရဲဝံ့စွာ တာဝန်ယူလိုကြောင်း ပေါ်လွင်အောင် ဒေါက်တာနန်းရင်က တောင်းပန်လိုက်ပြန်ပါသည်။

မကြာမီ ခြေသံသဲ့သဲ့များ ထွက်ပေါ်လာပြီး ရှေ့ဆုံးမှ မစ္စတာချန်းသည်လည်းကောင်း၊ သူ့နောက်မှ ခပ်ကုပ်ကုပ်ကျိုးနွံသော အမူအရာဖြင့် အသက်ခြောက်ဆယ်ခန့် ရှမ်းအဘိုးကြီးတစ်ဦး လိုက်ပါလာတော့သည်။

ရှမ်းအဘိုးကြီးသည် သက္ကလတ်ရင်ဖုံးအင်္ကျီ၊ ဘောင်းဘီရှည်နှင့် ခြေညှပ်ဖိနပ်ကို စီးနင်းလျက် ခေါင်းတွင် ထူထဲသော သက္ကလတ်ဦးထုပ်ကို ဆောင်းထားသည်။

မစ္စတာချန်းက သူ့နေရာကို ဝင်ထိုင်လိုက်ပြီး ...

"ဟောဒီအဘိုးကြီးက ဦးအိုက်ပန်ဆိုတဲ့ မုဆိုးကြီးပဲ၊ အဲဒီနယ်အကြောင်းနဲ့ ကျုပ်တို့ သွားမယ့်လာမယ့်ဒေသကို သူကောင်းကောင်းသိပါတယ်"

အဘိုးကြီးက သူရတ်တရက်တွေ့ရှိလိုက်ရသည့် အထက်တန်းလွှာပုဂ္ဂိုလ်များနှင့် နေရာထိုင်ခင်းဆန်းပြားမှုကြောင့်လည်းကောင်း ခေါ်လာရင်း

mgyoe.com